# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၈၇)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ ကြာသပတေးနေ့။


### ဒို့တာဝန် အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

## ESIA Report ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိစေရေး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် စိစစ်သုံးသပ်ဆောင်ရွက်သွားမည်

စာမျက်နှာ ➤ ၈

## ကမ္ဘာ့ဖလားဆုကြီး နိုင်ငံပေါင်း ၉၀ သို့ ကိုးလကြာ လှည့်လည်ပြသ မြန်မာနိုင်ငံသည် ကမ္ဘာ့ဖလားဆုကြီး ရောက်ရှိလာသည့် ၅၃ နိုင်ငံဖြစ်



ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံသို့ တစ်ကြိမ်တစ်ခါမျှ ရောက်ရှိခဲ့ဖူးခြင်းမရှိသော ကမ္ဘာ့ဖလားဆုကြီးသည် အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့မှ ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်သို့ ယနေ့မွန်းလွဲ ၁ နာရီတွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ မတိုင်မီ ကမ္ဘာ့ဖလားဆုကြီးကို နိုင်ငံပေါင်း ၉၀ သို့ ကိုးလကြာ လှည့်လည်ပြသမည်ဖြစ်ပြီး မြန်မာနိုင်ငံသည် ကမ္ဘာ့ဖလားဆုကြီး ရောက်ရှိလာသည့် ၅၃ နိုင်ငံမြောက်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် တစ်ကြိမ်တစ်ခါမျှ ရောက်ရှိခဲ့ဖူးခြင်းမရှိသည့် နိုင်ငံပေါင်း ၅၁ နိုင်ငံသို့ ယခုနှစ်တွင် ကမ္ဘာ့ဖလားဆုကြီးကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လိုက်လံပြသခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ဖလားဆု လှည့်လည်ပြသသည့် အစီအစဉ်ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင်စတင်ပြီး မိုင်ပေါင်းကိုးသောင်းနှစ်ထောင်ကျော် လှည့်လည်ကာ ၂၀၁၄ ခုနှစ် ဧပြီလတွင် ဘရာဇီးလ်နိုင်ငံ၌ ခရီးစဉ်ပြီးဆုံးမည်ဖြစ်ကြောင်း ကိုကာကိုလာ(မြန်မာ)၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ Mr.Rehan Khan က ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။



ရန်ကုန်အပြည်ပြည်ဆိုင်လေဆိပ်သို့ ရောက်ရှိလာသည့် ကမ္ဘာ့ဖလားဆုကြီးကို သယ်ဆောင်လာသည့် FIFA လေယာဉ်နှင့်အတူ ကြိုဆိုကြသည့် တိုင်းရင်းသားများအား တွေ့ရစဉ်။ ဓာတ်ပုံ- မျိုးမင်းသိန်း(မရမ်းကုန်း)

မြန်မာနိုင်ငံရှိ ဘောလုံးဝါသနာရှင်များအတွက် ကမ္ဘာ့ဖလားဆုကြီးကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီမှ ည ၁၀ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ဟော်လိုဂရမ်သရီးဒီပုံရိပ်တင်ဆက်မှု၊ ၂၀၁၄ ခုနှစ် FIFA ကမ္ဘာ့ဖလားလာဘ်ကောင်ရုပ်နှင့်အတူ ဓာတ်ပုံရိုက်ကူးခွင့်၊ မြန်မာ့ဘောလုံး ရွှေခေတ်က အောင်မြင်ခဲ့သည့်ဦးတင်အောင်(ဂိုး) အပါအဝင် မြန်မာဘောလုံးအကျော်အမော်များနှင့် တွေ့ဆုံ၍ အမှတ်တရလက်မှတ်ရေးထိုးခွင့်၊ ကိုကာကိုလာ(မြန်မာ)၏ Brand Ambassador များဖြစ်ကြသည့်

စာမျက်နှာ ၇ ကော်လံ ၄ ●

### ယနေ့ မာတိကာ


၂၀၁၃ ခုနှစ်သည် ကမ္ဘာ့အပူချိန် ဒုတိယအမြင့်ဆုံးသို့ ရောက်ရှိခဲ့ စာ - ၄

တောင်ငူမြို့တွင် ဗုံးဟုယူဆရသော စက္ကူထုပ်တစ်ထုပ် တွေ့ရှိ စာ - ၅

ဆရာကြီး ဦးကိုလေး ကြေးသွန်းရုပ်တုဖွင့် စာ - ၇

ပုဂံတွင်ကျင်းပမည့် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ ပထမဦးဆုံး အစည်းအဝေး သတင်းရယူမည့်မီဒီယာသမားများ အဆင်ပြေစေရေး စီစဉ်ထားရှိ စာ - ၁၀


## စေတနာအဖွဲ့နှင့် ကျေးရွာပြည်သူများ ဆောက်လုပ်သောကျောင်းဆောင်သစ်ဖွင့်



နမ့်ခမ်း ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် မန့်ဟောင်းကျေးရွာ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့မှ ငွေကျပ် ၂၂၅ သိန်း၊ မန့်ဟောင်းကျေးရွာ ပြည်သူလူထုမှ ငွေကျပ် ၆၅ သိန်းအကုန်အကျခံ၍ ပူးပေါင်းဆောက်လုပ်ပြီးစီးသော ပေ(၉၀×၃၀) သံကူကွန်ကရစ် စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက မန့်ဟောင်းရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ နိပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးတင်လေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်အေး၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းလှ၊ ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းထွန်းလှိုင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မန့်ဟောင်းအခြေခံပညာမူလတန်းကျောင်းတွင် ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းကအမှာစကားပြောကြားပြီး စေတနာရှင်အဖွဲ့မှအမှုဆောင် ဒါရိုက်တာ ဦးတင်လေးက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် စေတနာရှင်အဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးတင်လေးနှင့်

*စာမျက်နှာ ၃ ကော်လံ ၄* ❍




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ညီညွတ်ခြင်းသည်အင်အား

ကျွန်ုပ်တို့အနေဖြင့် ပြီးခဲ့သော ဆီးဂိမ်းပြိုင်ပွဲကြီးကိုကြည့်လျှင် အိမ်ရှင်နိုင်ငံအဖြစ် ဧည့်ဝတ်ကျေပွန်ပြီး တစ်ဖက်ကလည်း အားကစားအောင်နိုင်ရေး ကြိုးပမ်းအားထုတ်မှုတို့မှာ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့ကြသည်ကို အားလုံးသိရှိကြပြီးဖြစ်ပါသည်။ ထိုအောင်မြင်မှုသည်ကား တစ်ဦးကောင်း တစ်ယောက်ကောင်း၊ တစ်ဖွဲ့ကောင်းလုပ်ခဲ့ကြသည်မဟုတ်၊ အားလုံးပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၏ အကျိုးရလဒ်ပင်ဖြစ်၏။ လက်ခုပ်လေးတစ်ချက်တီးပြီး အားပေးခြင်းမှအစပြု၍ ဆုတံဆိပ်များဆွတ်ခူးပေးနိုင်ခဲ့သော အားကစားသမားများ၊ အားကစားတာဝန်ရှိသူများအထိ အားလုံးပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၏ အကျိုးကျေးဇူးပင်ဖြစ်၏။

ဤအားကစားအောင်မြင်မှုကို ပမာဆောင်၍ ကျွန်ုပ်တို့အနေဖြင့် အခြားအခြားသော ကိစ္စကြီးငယ်တို့တွင်လည်း လုပ်ကိုင်ဆောင်ရွက်သွားကြမည်ဆိုလျှင် အောင်မြင်မှုရရှိမည်မှာ ဧကန်မလွဲပေတည်း။ ပူးပေါင်းဆောင်ရွက်မှုသည် အင်အားကိုဖြစ်စေပြီး အခက်အခဲအကျပ်အတည်းအားလုံးကို ကျော်လွှားနိုင်သော လက်နက်ကောင်းနှင့်တူပေစွ။ ယုတ်စွအဆုံး မိသားစုအတွင်းရေးကိစ္စ ဆောင်ရွက်သည်ဖြစ်စေ ညီညွတ်ခြင်းရှိပါမှ အောင်မြင်အောင်ဆောင်ရွက်နိုင်စွမ်းရှိ၏။ အသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများဆိုလျှင် ပို၍ပင် ညီညီညွတ်ညွတ် ဆောင်ရွက်လုပ်ကိုင်သင့်၏။ တစ်ဦးတစ်ယောက် တစ်ဖွဲ့လုပ်ကိုင်ဆောင်ရွက်နေသည့်ကိစ္စအပေါ် အပြစ်ပြော၊ ဝေဖန်၊ အပုပ်ချနေရုံမျှနှင့် ကျွန်ုပ်တို့ဖြစ်စေချင်သော အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိလိမ့်မည် မဟုတ်ပါ။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်ထိန်းကျောင်းပြုပြင် ပူးပေါင်းဆောင်ရွက်မှသာ မျှော်မှန်းထားသည့်ရည်မှန်းချက်သည် အောင်မြင်ပြီးမြောက် ခရီးပေါက်နိုင်မည်ဖြစ်ပေ၏။

ကျွန်ုပ်တို့နိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ နည်းပညာရယူရေး၊ ရင်းနှီးမြှုပ်နှံမှုအစရှိသဖြင့် ရေးရာအဖြာဖြာတို့ လုပ်ကိုင်ကြရာတွင်လည်း ညီညွတ်မှုအားကိုယူ၍ ဆောင်ရွက်သွားကြမည်ဆိုပါက ကြီးပွားတိုးတက်သောနိုင်ငံအဖြစ်သို့ အမြန်ဆုံးရောက်ရှိလာမည်သာဖြစ်၏။ ကိုယ်ကျိုးစီးပွားထက် အများအကျိုးစီးပွားဖြစ်ထွန်းရေး စိတ်ကောင်းစေတနာမွန်ဖြင့် ညီညီညွတ်ညွတ် တက်တက်ကြွကြွလုံ့လပြု၍ ဝိုင်းဝန်းကြိုးစားအားထုတ်ကြမည်ဆိုပါက ကျွန်ုပ်တို့လိုချင်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ်ကြီးသည် အမြန်ဆုံးပေါ်ထွန်းလာမည်သာ ဖြစ်ပေ၏။ ယခုဖွံ့ဖြိုးပြီး နိုင်ငံအများစုကိုကြည့်လျှင်လည်း ညီညီညွတ်ညွတ် ကြိုးစားပမ်းစား အားထုတ်ခဲ့ခြင်းကြောင့်သာ ချမ်းသာကြွယ်ဝသောနိုင်ငံများအဖြစ်သို့ ရောက်ရှိခဲ့ခြင်းပင်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် မည်သည့်အမှုကိစ္စကြီးငယ်တို့ကို ဆောင်ရွက်လုပ်ကိုင်ကြသည်ဖြစ်စေ ညီညွတ်စွာ အားထုတ်လုပ်ကိုင်သွားကြမည်ဆိုပါက အောင်ပန်းအလီလီကို ဆွတ်ခူးနိုင်မည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

နေပြည်တော်တွင် အောက်တိုဘာ ၇ ရက်က ကျင်းပခဲ့သည့် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု ညှိနှိုင်းဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အစိုးရအဖွဲ့ရုံးမှ အောက်တိုဘာ ၁၈ ရက်က သမ္မတရုံးဝန်ကြီးဌာန (၅) ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်သော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ကော်မတီကို အဖွဲ့ဝင် ၂၆ ဦးဖြင့်လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကဥက္ကဋ္ဌနှင့် ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် ပါဝင်သောအထူးလုပ်ငန်းအဖွဲ့ (Task Force) ကို အဖွဲ့ဝင် ၄၃ ဦးဖြင့်လည်းကောင်း၊ ပညာရှင်ကြီး ၃၄ ဦးပါဝင်သော အကြံပေးအဖွဲ့ (Advisory Board) ကိုလည်းကောင်း ဖွဲ့စည်းပေးခဲ့သည်။

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီက ဖွဲ့စည်းပေးခဲ့သော လုပ်ငန်းအဖွဲ့ (Working Group) ၁၈ ဖွဲ့သည် စိန်ရတုခန်းမတွင် ရုံးခန်း ၁၈ခန်း ဖွင့်လှစ်လျက် နေ့စဉ်ညှိနှိုင်းကာ ပညာရေးဆိုင်ရာ မူဝါဒများ ရေးဆွဲခဲ့သည်။

အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့၊ လုပ်ငန်းအဖွဲ့များသည် အကြိမ်ကြိမ် တွေ့ဆုံညှိနှိုင်းခဲ့ပြီးနောက် နေပြည်တော် ပညာရေးဝန်ကြီးဌာနတွင် ဒီဇင်ဘာ ၁၆ ရက်က နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဝန်ကြီးဌာန ၁၂ ခုရှိ တက္ကသိုလ်၊ ကောလိပ် ၁၆၈ ခု၏ ပါမောက္ခချုပ် ကျောင်းအုပ်ကြီးများကိုလည်းကောင်း ဖိတ်ကြား၍ ရေးဆွဲထားသော ပညာရေးဆိုင်ရာ မူဝါဒများကို ဆွေးနွေးကာ အကြံဉာဏ်များရယူခဲ့သည်။ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများကလည်း သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များတွင် ဆရာ ဆရာမများအား ပညာရေးမူဝါဒများကို ပြန်လည်ရှင်းလင်းဆွေးနွေးကာ အကြံဉာဏ်များ ရယူဆွေးနွေးခဲ့သည်။

ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမ၌ ပညာရေးနှင့်ဆက်စပ်သောပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ (Stakeholders) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၉၃ ဦး အပါအဝင် အထူးလုပ်ငန်းအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ စုစုပေါင်း ၁၆၁ ဦး တက်ရောက်ပြီး လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် လုပ်ငန်းအဖွဲ့ (Working Group) များက ရေးဆွဲထားသော မူကြိုပညာရေးဆိုင်ရာမူဝါဒ၊ အဆင့်မြင့်ပညာရေးဆိုင်ရာမူဝါဒ၊ တက္ကသိုလ်များဗဟိုကောင်စီဖွဲ့စည်းရန် နည်းလမ်းများ၊ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာမူဝါဒ၊ နယ်စပ်ရေးရာဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များဆိုင်ရာမူဝါဒများကို တင်ပြကာ တက်ရောက်သူများ၏ အကြံပြုချက်များကို ရယူသည်။ ရယူခဲ့သော အကြံဉာဏ်များကိုအခြေခံလျက် ညှိနှိုင်းပြင်ဆင်ရေးဆွဲထားသော ပညာရေးမူဝါဒများကို ရုပ်မြင်သံကြားစကားဝိုင်းဆွေးနွေးပွဲများ၊ သတင်းစာများမှ ပြည်သူသို့ အသိပေးတင်ပြကာ ပြည်သူများ၏ အကြံပြုချက်များကို ဖိတ်ခေါ်ရယူသွားမည့်အပြင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲများ၊ အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲများကျင်းပကာ ပညာရေးနှင့်ဆက်စပ်သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်း (Stakeholders) များနှင့် ပြည်သူတို့၏အကြံပြုချက်များကို ရယူပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)မှ သတင်းရရှိသည်။

(သတင်းစဉ်)



## ကတ္တရာလမ်းသားနိမ့်ကျမှုနှင့် လမ်းနံဘေးပျက်စီးမှုဖြစ်ပေါ်နေ

**ထင်သာမြင်သာ ပြုပြင်စရာ**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၏မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၁၀၉/၀နှင့် ၁၀၀/၆အကြား အကျယ် ၂၅ ပေခန့်ရှိ ကတ္တရာလမ်းဘေးဝဲယာ တစ်ဖက်စီတွင် အကျယ်ခုနစ်ပေကျော်ခန့်စီ ကတ္တရာလမ်းသား နိမ့်ကျမှုနှင့် လမ်းနံဘေးကတ္တရာ စုပုံမြင့်မား ပျက်စီးမှုများဖြစ်ပေါ်နေသည်မှာ လချီကြာမြင့်လာပြီဖြစ်သည်။ ယင်းရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်တွင် ခရီးသည်တင်ကား၊ ကုန်တင်ကား၊ ကိုယ်ပိုင်ကား၊ သုံးဘီးကား၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့် နေ့ရောညပါ မပြတ်သွားလာနေသော အဓိကလမ်းမကြီးလည်းဖြစ်သည်။

သို့ဖြစ်ပါ၍ အချက်အချာလည်းကျပြီး ယာဉ်သွားယာဉ်လာ များပြားသည့် ရန်ကုန်-မန္တလေးကားလမ်းမပေါ် ယာဉ်အသုံးပြုသူများ အန္တရာယ်ကင်းပြီး သောကကင်းစွာ သွားလာနိုင်ရေးအတွက် ထိုနိမ့်မြင့်ပျက်စီးမှုဖြစ်ပေါ်နေသော ကတ္တရာလမ်းသားဝဲ၊ ယာမျက်နှာပြင်တို့ကို ပြုပြင်ပေးနိုင်ရန် စေတနာကောင်းဖြင့် ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ ရေးသားတင်ပြလိုက်ရပါသည်။

**ပိန်းဇလုပ်-သိန်းညွန့်**



**ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ**



ပြည်တွင်းသတင်း

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

စစ်ကိုင်း ဒီဇင်ဘာ ၂၅

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကသာမြို့ မြို့မဈေးကြီး တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ ထွန်းတောက်ဇော်ကုမ္ပဏီမှ တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးဇော်ထွန်းက ဈေးဆိုင်ခန်းများတည်ဆောက်ပြီးစီးမှုလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ဈေးဆိုင်ခန်းများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ထောက်ပံ့**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်တာဝန်ရှိသူများသည် ကသာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အထောက်အကူပြု ကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ခရိုင်/မြို့နယ်/ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ ကော်မတီဝင်များက မြို့နယ်၏ လိုအပ်ချက်တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး မီးသတ်ဝတ်စုံများ၊ ကြက်ခြေနီဝတ်စုံများ၊ စစ်မှုထမ်းဟောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ဆောင်ရွက်ပေး**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်တာဝန်ရှိသူများသည် ကသာမြို့နယ် သံပုရာကျေးရွာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျေးရွာ၏ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်တာဝန်ရှိသူများသည် ထီးချိုင့်မြို့ (၁/၂၀၀၈) ကျွန်းစိုက်ခင်း ဧက ၂၀၀ အောင်မြင်ဖြစ်ထွန်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး ထီးချိုင့်မြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းခွဲ တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် ဇေယျာသီရိနှစ်ထပ်ကျောင်းဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်တာဝန်ရှိသူများသည် ထီးချိုင့်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ဆေးငွေပဒေသာပင် ထောက်ပံ့ပေးအပ်ခဲ့သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



# အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင် တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်သည် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ လာအိုနိုင်ငံ Pakse မြို့၌ ကျင်းပခဲ့သော (၁၉)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-တရုတ်ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၁၁)ကြိမ်မြောက် အာဆီယံ-ဂျပန်ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယားပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံ/အလှူရှင်အဖွဲ့အစည်းများအကြား အထူးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက (၁၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို Pakse မြို့ရှိ Champasak Grand Hotel ၌ ကျင်းပရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Thongsing Thammavong က အဖွင့်မိန့်ခွန်းပြောကြား၍ အစည်းအဝေးကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၁၂)ကြိမ်မြောက် အာဆီယံ-တရုတ်ပို့ဆောင်ရေး ဝန်ကြီးများအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် အာဆီယံ-ဂျပန်ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး လာအိုနိုင်ငံ ပြည်သူ့ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်ခဲ့သည်။

ဒီဇင်ဘာ ၂၀ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် (၅) ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံ/အလှူရှင်အဖွဲ့အစည်းများအကြား အထူးအစည်းအဝေးများသို့ တက်ရောက်ပြီး ၂၀၁၄ ခုနှစ်အတွင်း တရုတ်၊ ဂျပန်၊ကိုရီးယားနိုင်ငံတို့နှင့် ပူးပေါင်းအကောင်အထည်ဖော်မည့် ပို့ဆောင်ရေးကဏ္ဍ အသီးသီး၏ စီမံကိန်းများ အတည်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

နောင်လာမည့် အကြိမ် (၂၀) မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း မန္တလေးမြို့၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီး၌ ခရစ္စမတ်ဆုတောင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၅ ရက်သည် ခရစ်တော်၏ မွေးနေ့မင်္ဂလာရက်မြတ်ဖြစ်သည်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီး၌ ခရစ္စမတ်ခရစ်တော်မွေးနေ့ပွဲတော်များကို ကျင်းပသည်။

ဒီဇင်ဘာလသည် ခရစ်ယာန်ဘာသာဝင်အားလုံးအတွက် ထူးခြားမြင့်မြတ်လှသော လတစ်လဖြစ်ပြီး လူသားအားလုံးကို ကယ်တင်နိုင်ရန်အတွက် ကယ်တင်ရှင်မွေးဖွားလာသော အချိန်အခါသမယလည်းဖြစ်၍ ကယ်တင်ရှင် ခရစ်တော်မွေးဖွားလာမည့်အချိန်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံ လမ်းထောင့်ရှိ ဧမာနွေလကျောင်းတော် **(အောက်ပုံ)** နှင့် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ စိန့်မေရီကသီဒယ်ဘုရား ရှိခိုးကျောင်း၊ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းရှိ ဦးနေဝနှစ်ခြင်း ခရစ်ယာန်ကျောင်းများ၌ ခရစ်ယာန်သန်းခေါင်ယံမစ္ဆားဝတ်ပြုဆုတောင်းပွဲများ၊ ကောင်းချီးမင်္ဂလာအဖွင့်ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ဓမ္မသံစုံသီချင်း(ကွာယာ)သီဆိုခြင်း၊ ခရစ်ယာန်မွေးဖွားခြင်း မင်္ဂလာသတင်းအကြောင်း ဟောပြောခြင်း၊ ကလေးသူငယ်များက သခင်ယေရှုဘဝပုံရိပ်များ သရုပ်ဖော်တင်ဆက်ခြင်း၊ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ပေးပို့လာသော သဝဏ်လွှာများဖတ်ကြားခြင်း၊ ခရစ္စမတ်အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းများ ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**



# ကင်းထောက်သင်တန်းဖွင့်ပွဲ လှိုင်ကော်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပ

**လှိုင်ကော် ဒီဇင်ဘာ ၂၅**

ကယားပြည်နယ် လှိုင်ကော်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ကင်းထောက်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကင်းထောက်မောင်မယ်များက (ပြည်သူ့အတွက်အဆင်သင့်)သီချင်းဖြင့်သီဆိုကာ အခမ်းအနားကို ဖွင့်လှစ်သည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဆရာကြီး ဦးမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။ ထို့နောက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ကောင်းဆက်လွင်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဂျမ်ဗိုရီခရီးစဉ်နှင့် ပတ်သက်သည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဒီဇင်ဘာ ၂၄ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်ဝန်ကြီးတို့က လှိုင်ကော်တက္ကသိုလ်ကိန္နရာခန်းမ၌ ကျင်းပသည့် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

❍ ***ရှေ့ဖုံးမှ***

ကျောင်းဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုင်းထွန်းလှိုင်းတို့က စာသင်ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် အချက်အလက်များ၊ မှတ်တမ်းဓာတ်ပုံကို မြို့နယ်ပညာရေးမှူး ဒေါ်သန်းလှထံ လွှဲပြောင်းပေးအပ်ပြီး ပညာရေးပဒေသာပင် ငွေကျပ်ခြောက်သိန်းကို ဦးတင်လေးက ဒေသခံပြည်သူ မန့်ဟောင်းကျေးရွာ ရပ်မိရပ်ဖ ဦးစိုင်းအိုက်ထံ ပေးအပ်သည်။

မန့်ဟောင်းအခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အီနီလာထွန်းက စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်ပညာရေးမှူးနှင့် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ကျောင်းဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များ ပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**(၀၁၇)**


**ယနေ့မိုးလေဝသ အခြေအနေ**

**နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်**တွင် ယနေ့အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။


# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာ၌ အသိပညာပေး ဟောပြော

**ဟိုပုံး ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာ၌ ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျောက်တန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဦးခမ်းက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ စိုင်းဦးသန်းလှိုင်က ပြည်လုံးကျွတ်ကောက်ယူမည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ၊ ပြည်သူလူထုက မေးမြန်းမည့် မေးခွန်း ၄၁ ချက်အပေါ် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာ၌ အသိပညာပေး ဟောပြောနေမှုကို တွေ့ရစဉ်။**

## နိုင်ငံတကာသတင်း

# ဝင်ငွေနည်းမိသားစုများအား ပေးအပ်မည့် တန်ဖိုးနည်း အိမ်တည်ဆောက်မှု ပြီးစီး

**နယူးဒေလီ ဒီဇင်ဘာ ၂၅**

တရုတ်နိုင်ငံ၏ အနောက်တောင်ပိုင်းရှိ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တန်ဖိုးနည်းအိမ် အရေအတွက် ၆၀၀၀ တည်ဆောက်မှု ၂၀၁၃ ခုနှစ်ထဲ၌ ပြီးစီးခဲ့ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်ဟု ဒီဇင်ဘာ ၂၅ ရက် ဘီဘီစီသတင်းတွင် ရေးသားထားသည်။

အဆိုပါ တန်ဖိုးနည်းအိမ် ၆၀၀၀ ကို မြေဧရိယာ ၃၀၀၀၀၀ စတုရန်းမီတာတွင် တည်ဆောက်ထားပြီး ယင်းတန်ဖိုးနည်း အိမ်များသည် တိဗက် နယ်မြေဒေသတစ်ဝန်း မြို့နှင့် ကောင်စီနယ်မြေ ၇၄ ခုတို့ရှိ လူဦးရေ ၂၀၀၀၀ တို့အား နေရာထိုင်ခင်း ရရှိစေမည်ဟု ဆိုသည်။

တိဗက်နယ်မြေဒေသအာဏာပိုင်များသည် ၄င်းနယ်မြေရှိ ဝင်ငွေနည်းပြီး အိုးအိမ်မပိုင်ဆိုင်သူ မိသားစုများအားလုံးကို၂၀၁၅ခုနှစ် အရောက်တွင် တန်ဖိုးနည်းအိမ်များ သို့မဟုတ် အခြား အထောက်အပံ့အကူအညီများ ပေးနိုင်ရန် ကြိုးစားလျက်ရှိသည်။

ထို့ကြောင့် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းကို ၂၀၀၆ ခုနှစ်ကတည်းက စတင်ခဲ့ပြီး မိသားစုဦးရေ သုံးဦးနှင့် သုံးဦးထက်ပိုပြီး ဝင်ငွေနည်းသည့် မိသားစုများ၊ အိုးပိုင်အိမ်ပိုင် ဖြစ်ရန် အခက်ကြုံနေသူများအား ကူညီမည်ဖြစ်သည်။

**ရင်းနှီးထား**

လက်ရှိအချိန်ထိ တန်ဖိုးနည်းအိမ် အရေအတွက် ၂၀၀၀၀ တည်ဆောက်မှုအတွက် မြေဧရိယာ ၁ ဒသမ ၂၁ သန်း စတုရန်းမီတာ နေရာတွင် ကန်ဒေါ်လာ ၃၄၅ ဒသမ ၈၇ သန်း ကုန်ကျခံရင်းနှီးထားသည်ဟု သိရသည်။ **(ဆင်ဟွာ)**



# စစ်ဖြစ်နိုင်သောအခြေအနေကြောင့် အသင့်ပြင်ထားရန် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်း တိုက်တွန်း

**ပြုံယမ်း ဒီဇင်ဘာ ၂၅**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ကိုရီးယားကျွန်းဆွယ်တွင် သတိပေးကြေညာခြင်းမရှိဘဲ စစ်ဖြစ်လာနိုင်ခြင်းကြောင့် တိုက်ခိုက်ရေးတပ်များ အသင့်ပြင်ထားရန် တိုက်တွန်း ဆော်ဩလိုက်ကြောင်း ဒီဇင်ဘာ ၂၅ ရက် ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

မစ္စတာကင်သည် အင်္ဂါနေ့က နမ်ပိုမြို့အနောက်ပိုင်းရှိ စစ်တပ်သို့ ရောက်ရှိစဉ် ပြောကြားလိုက်ခြင်းဖြစ်ကြောင်း ကိုရီးယားစင်ထရယ် နယူးအေဂျင်စီ (ကေစီအင်န်အေ) က ဗုဒ္ဓဟူးနေ့တွင် သတင်းဖော်ပြသည်။

ကိုရီးယားကျွန်းဆွယ်တွင် စစ်ကြေညာခြင်းမရှိဘဲ စစ်ဖြစ်နိုင်ခြင်းကြောင့် အသင့်ပြင်ထားရန် အဆိုပါစစ်တပ်ကို ကင်ဂျုံအန်းက လမ်းညွှန်အမိန့်ပေးခဲ့သည်။ ကင်ဂျုံအန်း၏ ဦးလေးလည်းဖြစ် အမျိုးသားကာကွယ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌလည်းဖြစ်သည့် ဂျန်ဆောင်သက်ခ် ကွပ်မျက်ခံရပြီးနောက် အထက်ပါ အတိုင်းဆော်ဩလိုက်ခြင်းဖြစ်သည်။

ခေါင်းဆောင်ကင်ဂျုံအန်း ဖခင်၏ ညီမနှင့်လက်ထပ်ခဲ့သော မစ္စတာဂျန်အား အထူးစစ်ဘက် စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ပြီးနောက် ဒီဇင်ဘာ ၁၂ ရက်က ကွပ်မျက်လိုက်ခြင်းဖြစ်ကြောင်း စီအင်န်အေက ဖော်ပြသည်။ တောင်ကိုရီးယားနှင့် အမေရိကန်တို့ကလည်း ယင်းကွပ်မျက်မှုအပေါ် သတိပေးလိုက်သည်။ တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးကလည်း အင်္ဂါနေ့တွင် ရှေ့တန်းစစ်မျက်နှာသို့ သွားရောက်ကာ တပ်များအသင့်ပြင်ထားရန် ဆော်ဩလိုက်သည်။ **(ပရက်စ်တီဗွီ)**

# ၂၀၁၃ ခုနှစ်သည် ကမ္ဘာ့အပူချိန် ဒုတိယအမြင့်ဆုံးသို့ရောက်ရှိခဲ့

**တိုကျို ဒီဇင်ဘာ ၂၅**

၂၀၁၃ ခုနှစ် ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၁၈၉၁ ခုနှစ်တွင် ရရှိခဲ့သော အချက်အလက်များနှင့် နှိုင်းယှဉ်ပါက ဒုတိယအမြင့်ဆုံးဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ကနဦး အစီရင်ခံစာတစ်စောင်ကို ဒီဇင်ဘာ ၂၄ ရက်က ထုတ်ပြန်သည်။ ဇန်နဝါရီလနှင့် နိုဝင်ဘာလအကြား ကောက်ယူထားသော ကမ္ဘာ့ပျမ်းမျှ အပူချိန်သည် ၁၉၈၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်အကြား နှစ် ၃၀ ကာလထက် ၀ ဒသမ ၂၀ ဒီဂရီ ဆဲလ်စီးရပ်စ်ပိုကြောင်း အစီရင်ခံစာက ဆိုသည်။

၁၁ လ ကာလအတွင်း ဂျပန်နိုင်ငံ၏ အပူချိန်သည် အဆိုပါနှစ် ၃၀ ကာလထက် ၀ ဒသမ ၄၀ ဒီဂရီ ဆဲလ်စီးရပ်စ်ပိုမြင့်ပြီး ယင်းသည် အ၌မမြောက်အမြင့်ဆုံးဖြစ်သည်။ ကမ္ဘာ့အပူချိန်သည် စက်တင်ဘာလနှင့် နိုဝင်ဘာလတို့တွင် အမြင့်ဆုံးမြစ်သည်။ ကမ္ဘာ့မြောက်ဘက်ခြမ်းတွင် ဆောင်းဦးရာသီ၌ အပူချိန်အမြင့်ဆုံးဟု မိုးလေဝသဌာနက ဆိုသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့အပူချိန်သည် နှစ်တစ်ရာလျှင် ၀ ဒသမ ၆၉ ဒီဂရီ ဆဲလ်စီးရပ်စ်တိုးတက်နေပြီး ဂျပန်နိုင်ငံ၏ ပျမ်းမျှအပူချိန်သည် ၁ ဒသမ ၁၅ ဒီဂရီဆဲလ်စီးရပ်စ်မြင့်တက်နေသည်ဟု မိုးလေဝသဌာနက ဖော်ပြသည်။ **(ကျိုဒို)**

# အမေရိကန်တပ်စခန်းနေရာ အစားပေးရန် အိုကီနာဝါပြည်နယ်အစိုးရက အတည်ပြုရေးစီစဉ်

**တိုကျို ဒီဇင်ဘာ ၂၅**

အိုကီနာဝါအစိုးရအဖွဲ့သည် ယင်း၏ ပြည်နယ်အတွင်း အမေရိကန်ဖူတီမာလေတပ်အခြေစိုက်စခန်းအတွက် လိုအပ်နေသော မြေဖို့ ခြင်းလုပ်ငန်းကို ယခုရက်သတ္တပတ်အတွင်း အတည်ပြုရန် နောက်ဆုံးအစီအစဉ် များ ပြုလုပ်နေသည်ဟု ဒီဇင်ဘာ ၂၅ ရက်က သိရသည်။

အိုကီနာဝါအစိုးရအဖွဲ့မှ ထိပ်တန်းပုဂ္ဂိုလ်နာကာအီမာသည် ယနေ့ နှောင်းပိုင်းတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး နှင့်တွေ့ဆုံမည် ဖြစ်သည်။ အာဘေးသည် အမေရိကန်ကမ်းတက်တပ်ဖွဲ့ ဖူတီမာလေတပ်စခန်းအတွက် နေရာအစားပေးရန် လိုအပ်နေသော တပ်မြေ ဖို့ခြင်းလုပ်ငန်းဆောင်ရွက်ရန် ဒေသခံများထံမှ သဘောတူညီချက်ကို ရရှိရန် ကြိုး ပမ်းနေသည်။

အိုကီနာဝါတွင် နိုင်ငံရေးလှုပ်ရှားမှုနှင့်အတူ ဒေသခံများ၏ ပြင်းထန်သော ဆန့်ကျင်မှုဖြစ်ပွားခဲ့သော နှစ်များနောက်ပိုင်းတွင် ၁၉၉၆ ခုနှစ် နေရာအစားပြန်ပေးရေး သဘောတူညီချက်ကိုလိုက်နာရန် အစိုးရ၏ ဆုံးဖြတ်ချက်သည် အမေရိကန်နှင့် ဂျပန်တို့၏ ကြိုးပမ်းမှု၌ အဓိကအကျပ်အတည်း ဖြေရှင်းခြင်း တစ်ခုဖြစ်ပေသည်။

အာဘေးအစိုးရသည် လူဦးရေထူထပ်သော ဂီနိုဝမ်မြို့မှ လေတပ်အခြေစိုက်စခန်းကို ရွှေ့ပြောင်းရန် အိုကီနာဝါရှိ နာဂိုဒေသ၏ ပင်လယ်ကမ်းလွန်ဒေသတွင် လေတပ်စခန်းတစ်ခု အစားထိုးတည်ဆောက်ရန် ၂၀၀၆ ခုနှစ်တွင် ချမှတ်ခဲ့သော အစီအစဉ်ကို လက်ခံရန် အိုကီနာဝါအား တိုက်တွန်းလိုက်သည်။ **(ကျိုဒို)**

• • • • • • • • • • • • • • • • • • • • • •

# ဂျပန်ကာကွယ်ရေးဘတ်ဂျက်မြှင့်တင်

**တိုကျို ဒီဇင်ဘာ ၂၅**

ဂျပန်အစိုးရဝန်ကြီးအဖွဲ့က ၂၀၁၄ ဘဏ္ဍာနှစ်ဘတ်ဂျက်အတွက် စံချိန်တင်များပြားလှသည့် ယန်းငွေ ၉၅ ဒသမ ၈၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၂၂ ဒသမ ၂၂ ဘီလီယံ)ကို သဘောတူခွင့်ပြုလိုက်ပြီဖြစ်ရာ ကာကွယ်ရေးအသုံးစရိတ်မှာ ၂ ဒသမ ၈ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ ကာကွယ်ရေးဘတ်ဂျက်မှာ ယန်းငွေ ၄၈၈၄ ဒသမ ၈ ဘီလီယံရှိရာ ၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ထက် ယန်း ၁၃၁ ဘီလီယံ အထိ တိုးလာကြောင်း ကျိုဒိုနယူးစ်တွင် ဖော်ပြသည်။ ၂၀၁၄ ဘဏ္ဍာနှစ်သည် တိုကျို၏ ငါးနှစ်ကြာကာကွယ်ရေးတည်ဆောက်မှု စီမံကိန်းမှ ပထမဆုံးနှစ်ဖြစ်သည်။ ယင်းစီမံကိန်းအရ ဂျပန်နိုင်ငံက ကာကွယ်ရေးစစ်လက်နက်ပစ္စည်းများဝယ်ယူရန် ငွေကြေးအမြောက်အမြားသုံးစွဲလိမ့်မည်ဖြစ်သည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

• • • • • • • • • • • • • • • • • • • • • •

# ကမ္ဘောဒီးယားနိုင်ငံ၌ ပြီးခဲ့သည့် ၁၁ လအတွင်း ယာဉ်မတော်တဆမှုကြောင့် ၁၇၂၇ ဦးသေဆုံး

**ဖနောင်ပင် ဒီဇင်ဘာ ၂၅**

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်၏ ပထမ ၁၁ လတာကာလအတွင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူဦးရေ အနည်းဆုံး ၁၇၂၇ ဦးရှိခဲ့ကြောင်း၊ အဆိုပါအရေအတွက်မှာ ယမန်နှစ်ကာလ အလားတူ အချိန်ပိုင်းထိဖြစ်ပေါ်ခဲ့သည့် ယာဉ်တိုက်မှုကြောင့် သေဆုံးရသူ ၁၇၃၅ ဦးရှိသည်ဟု သိရသဖြင့် ယမန်နှစ်ထက် သေဆုံးသူဦးရေ ၀ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း ပြည်သူ့အလုပ်အကိုင်နှင့် ပို့ဆောင်ရေး ဝန်ကြီးဌာနက အစီရင်ခံစာထုတ်ပြန်ခဲ့သည်။

သို့သော် သေဆုံးသူအရေအတွက် ယမန်နှစ်ထက် လျော့နည်းသည်ဟု ဆိုသော်လည်း ယာဉ်တိုက်မှုအရေအတွက်မှာ ယခုနှစ်တွင် ၁၁ လပိုင်းထိ ၃၉၃၄ မှု ဖြစ်ပွားခဲ့သဖြင့် ယမန်နှစ်က ယာဉ်တိုက်မှု ၃၉၀၅ မှုဖြစ်ပွားခြင်းနှင့် နှိုင်းယှဉ်ပါက တိုးလာသည်ဟု ဆိုရမည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ယာဉ်မတော်တဆဖြစ်မှုသည် ဇီဝိန်ခြွေ လူသတ်သမားအဖြစ်ရှိနေဆဲဖြစ်ပြီး ယင်းကဲ့သို့ယာဉ်မတော်တဆမှုများကြောင့်တစ်နှစ်လျှင် ကန်ဒေါ်လာ သန်း ၃၀၀ ခန့် ကုန်ကျနေကြောင်း သိရသည်။ **(ဆင်ဟွာ)**


**ကံကောင်း**

**အိမ်၊ ခြံ၊ မြေ အကျိုးဆောင်**

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊
VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊
သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။
(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈





**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**






**ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်**

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကမ္ဘောဇတံခွန်စိုက်ဖလား ဂေါက်ရိုက်ပြိုင်ပွဲကို ၂၇-၁၂-၂၀၁၃ ရက်မှ ၃၀-၁၂-၂၀၁၃ရက်အထိ တောင်ကြီးမြို့၊ အေးသာယာဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါကြောင်းနှင့် ပြိုင်ပွဲဝင်အားကစားသမားများ အချိန်မီရောက်ရှိ သတင်းပို့ရမည်ဖြစ်ပါသည်။

**ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ**




ပြည်တွင်းသတင်း

# လောကနန္ဒာစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရေးညှိနှိုင်းဆွေးနွေး

စစ်တွေ ဒီဇင်ဘာ ၂၅

**စစ်တွေမြို့၏ ကျက်သရေဆောင် လောကနန္ဒာစေတီတော်မြတ်ကြီး၏ ဌက်ပျောဖူးတော်အားပြုပြင်မွမ်းမံရွှေစင်ရွှေပြားကပ်လှူရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါ စေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်း၌ ကျင်းပရာ အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးလှမောင်တင်က လောကနန္ဒာစေတီတော်မြတ်ကြီးအား ၂၀၁၁ ခုနှစ်မှစ၍ အပိုင်းလိုက် ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ စေတီတော်၏ ငှက်ပျောဖူးတော်ပြုပြင်၍ ရွှေစင်ရွှေပြားများကပ်လှူနိုင်ရေး၊ လိုဏ်ဂူတော်အတွင်းရှိ ပျက်စီးနေသော အစိတ်အပိုင်းများကို ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရရှိသည့်အလှူငွေများနှင့် အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် တက်ရောက်လာသည့်ပညာရှင်များ၊ ဌာနဆိုင်ရာများက အကြံပြုဆွေးနွေးပေးကြရန် လိုအပ်ပါကြောင်းဖြင့် အမှာစကားပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးထွန်းဝေက စေတီတော်ကြီးပြုပြင်ရေးအတွက် လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ပြုပြင်မွမ်းမံမှုအတွက် လိုအပ်သည့် ပစ္စည်းများ စုဆောင်းရောက်ရှိနေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် စေတီတော်မြတ်ကြီးအားပြုပြင်မည့် ဦးဆောင်အကြံပေးပညာရှင် ပါမောက္ခဦးစန်းကြူနှင့် လုပ်ငန်းပညာရှင် ဦးဆန်းလွင်တို့က ငှက်ပျောဖူးတော် ရွှေစင်ရွှေပြားကပ်လှူခြင်းနှင့် ပတ်သက်၍ လုပ်ငန်းလိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများကလည်း လောကနန္ဒာစေတီတော်ကြီး ပြုပြင်မွမ်းမံရေးလုပ်ငန်းအတွက် ဝိုင်းဝန်းအကြံပေး ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လောကနန္ဒာစေတီတော်မြတ်ကြီးပြုပြင်မွမ်းမံမှုအတွက် ပြည်နယ်အဆင့်ဌာနဆိုင်ရာ လုပ်ငန်းကော်မတီများအနေဖြင့် မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အမြန်ဆုံးဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကိုသက်ဆိုင်ရာဌာနများ၊ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် နိဂုံးချုပ်လမ်းညွှန်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စစ်တွေမြို့ရှိ လောကနန္ဒာစေတီတော်မြတ်ကြီး ရွှေစင် ရွှေပြားကပ်လှူပူဇော်နိုင်ရေးအတွက် အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၉-၈၅၁၃၁၀၃၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဖုန်း-၀၉-၈၅၀၂၉၂၉၊ ပြည်နယ်အစိုးရအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၄၃-၂၃၉၉၁၊ ၀၉-၆၄၀၁၂၅၅၊ လောကနန္ဒာစေတီဂေါပကအဖွဲ့ ဖုန်း-၀၄၃-၂၃၀၆၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များသို့ ခရစ္စမတ်ဓမ္မတေးသီချင်းများ လာရောက်သီဆို

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ခရစ္စမတ်နေ့ အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ မြန်မာ့အလင်း **(အပေါ်ပုံ)**၊ ကြေးမုံနှင့် The New Light of Myanmar သတင်းစာတိုက်များရှိရာ နေပြည်တော် ခရေပင်လမ်းခွဲ ၌ ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့)ညက ခရစ္စမတ်ဓမ္မတေးသီချင်းများ သီဆိုခဲ့ကြကြောင်း သိရသည်။

ပျဉ်းမနားမြို့ သတင်းကောင်းနှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာ ဦးစောတိုးတိုးနှင့်တေးသီချင်းသီဆိုသူ တိုင်းရင်းသားများက သတင်းစာတိုက်များသို့ လာရောက်၍ ခရစ်တော်၏ ကျေးဇူးတော် တေးသီချင်းများနှင့် လာရောက်သီဆိုပေးခဲ့ကြပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးရဲနိုင်၊ မြန်မာ့အလင်း သတင်းစာတိုက် ခေတ္တစာတည်းမှူးချုပ် ဦးအောင်နိုင်ဦး၊ ကြေးမုံ သတင်းစာတိုက် စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်၊ The New Light of Myanmar သတင်းစာတိုက် စာတည်းမှူးချုပ် ဦးသန်းမြင့်ထွန်းနှင့် သတင်းစာတိုက်ဝန်ထမ်းမိသားစုများကပြန်လည်ဧည့်ခံကျွေးမွေးခဲ့ကြသည်။ သတင်းကောင်းနှစ်ခြင်းအသင်းတော်မှသင်းအုပ်ဆရာနှင့်အဖွဲ့သည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မိသားစုများအတွက် ဆုမွန်ကောင်းများ ဆုတောင်းကောင်းချီးပေးခဲ့သည်။ **ခင်ရတနာ**

# တောင်ငူမြို့တွင် ဗုံးဟုယူဆရသော စက္ကူထုပ်တစ်ထုပ်တွေ့ရှိ

**တောင်ငူ ဒီဇင်ဘာ ၂၅**

တောင်ငူမြို့ ရပ်ကွက် (၁၉) ကန်လမ်းဆေးရုံကြီး မြောက်ဘက် ပလက်ဖောင်းရေနုတ်မြောင်းအတွင်း၌ ဗုံးဟုယူဆရသော (ROXZY-150) တံဆိပ်ပါ (၆×၂)လက်မ အရွယ်အစား စက္ကူဘူးအဖြူရောင်ပေါ်တွင် အပြာရောင် ဂက်စ်မီးခြစ်ကို တိပ်အနက်ရောင်ဖြင့် ပတ်ထားသည့်အထုပ်တစ်ထုပ်ကို ဆိုင်ကယ်ကယ်ရီမောင်းသူတစ်ဦးက ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုံးဟုယူဆရသော အထုပ်တစ်ထုပ်ကို တောင်ငူဆေးရုံဂိတ်တွင် ဆိုင်ကယ်ကယ်ရီဆွဲသည့် ကိုတင်ကိုသိန်းက မသင်္ကာစရာအထုပ်တစ်ထုပ် တွေ့ရှိခဲ့ကြောင်း၊ တောင်ငူမြို့ မြို့မရဲစခန်းသို့အကြောင်းကြားခဲ့ရာ တောင်ငူမြို့မရဲစခန်းမှ တာဝန်ရှိသူများနှင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများ လာရောက်ပြီး ဗုံးဟုယူဆရသော စက္ကူထုပ်ကို အသေးစိတ်စစ်ဆေးကြည့်ရှုပြီး ယင်းအထုပ်၏ ဘေးပတ်လည်တွင် သဲအိတ်များဖြင့် ကာရံစေကာ ထိုနေရာ၌ ဖောက်ခွဲပစ်ခဲ့သည်။ **(အောက်ပုံ)** ယင်းဖြစ်စဉ်ကြောင့် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုမရှိဘဲ အဆိုပါ တွေ့ရှိမှုကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# ရန်ကုန်ဆိပ်ကမ်းဝင်ပေါက်များ ယာဉ်ကြောပိတ်ဆို့မှု ဆောင်ရွက်ပေးစေလို

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြစ်ဝကျွန်းပေါ်ဒေသသွား သင်္ဘောဆိပ်ကမ်းပေါက်များဖြစ်သော ရန်ကုန်ဆိပ်ကမ်းစဉ့်အိုးတန်းနှင့် ဘုန်းကြီးလမ်းဝင်ပေါက်များတွင် ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက် ညနေပိုင်းက ယာဉ်ပိတ်ဆို့မှုကြောင့် ခရီးသည်များနှင့် ကုန်ချသူများအခက်အခဲများ ရှိလာရာ ရန်ကုန်မြို့တွင်း ယာဉ်ပိတ်ဆို့မှုလျှော့ပါးရေး လုပ်ဆောင်နေသကဲ့သို့ မြစ်ဝကျွန်းပေါ်ဆိပ်ကမ်း ဝင်ပေါက်နှစ်ပေါက်တို့တွင် စည်းကမ်းတကျလုပ်ပေးနိုင်ရေး လုပ်ဆောင်ပေးသင့်သည်ဟု ခရီးသည်တစ်ဦးက ဆိုသည်။

ဈေးသည်များ ပိတ်ဆို့ရောင်းချမှုကြောင့် စဉ့်အိုးတန်းဝင်ပေါက်တွင် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ယာဉ်ပိတ်ဆို့မှုနှင့် ဒီဇင်ဘာ ၂၃ ရက် ညနေ ၃ နာရီခန့်က ကမ်းနားလမ်းမဟောင်းမှ ဝင်၍ရသော ဝင်ပေါက်တစ်ခုတည်း ဖြစ်သည့် ဘုန်းကြီးလမ်းဝင်ပေါက် ယာဉ်ပိတ်ဆို့မှုတွင် ဟွန်းများ အဆက်မပြတ်တီးသံများဆူညံနေကြောင်း၊ နာရီဝက်ခန့်ကြာမြင့်ကြောင်း၊ သင်္ဘောဆင်းခရီးသည်များနှင့် ကုန်ချသူများ၊ ယာဉ်များသွားမရဘဲ ရပ်စောင့်နေရသဖြင့် လမ်းဆင်းလျှောက်ရကြောင်း ဆိုသည်။

တနင်္လာနေ့ နံနက်ပိုင်းအများစုတွင် ရွှေတောင်တန်း အမှတ် (၁) တံတားမှ လမ်းမတော် ဗောတံတားအမှတ် (၁)အထိ ကုန်တင်ကုန်ချယာဉ်များဖြင့် ပိတ်ဆို့နေတတ်ရာ ဆိုက်ကားစီးခရီးသည်များ ဆိုက်ကားစီးပြီး သွား၍မရကြောင်း၊ ကမ်းနားဝင်ပေါက်နှင့် ဆိပ်ကမ်းဗောတံတားထိပ်နေရာများတွင် ဂိတ်ထိုးကုန်တင်ကုန်ချနေသော ယာဉ်မျိုးစုံစည်းကမ်းရှိစွာ ရပ်တန့်ရေး၊ ဈေးသည်များလမ်းဝင်ပေါက်များတွင် မပိတ်ဆို့စေရေးတို့အတွက် သက်ဆိုင်ရာက ကြီးကြပ်ပေးမှသာ ရန်ကုန်ဆိပ်ကမ်းမြစ်ဝကျွန်းပေါ် ဒေသခရီးသွားနှင့် ကုန်ချသူများ အခက်အခဲကင်းဝေးမည်ဖြစ်သည်။

ယခုကဲ့သို့ ယာဉ်ပိတ်ဆို့မှုများကြောင့် သင်္ဘောများကို အချိန်မီစီးနင်းနိုင်ရေး၊ ကုန်ချနိုင်ရေးတို့တွင်အခက်အခဲများဖြစ်ပေါ်နေရာ ရန်ကုန်ဆိပ်ကမ်းနယ်မြေ (မြစ်ဝကျွန်းပေါ်ဒေသဆိပ်ကမ်း)များတွင်ပါ ရန်ကုန်မြို့တွင်းကဲ့သို့ယာဉ်နှင့်ဈေးသည်များစည်းကမ်းရှိရေးအလေးထားဆောင်ရွက်ပေးစေလိုကြောင်း မြစ်ဝကျွန်းပေါ်ဒေသသွားခရီးသည်များကဆိုသည်။ **ခင်ဆိုင်**

**ရန်ကုန် ဒီဇင်ဘာ ၂၅**

နိုင်ငံနှင့်အဝန်း မော်တော်ယာဉ်များတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် ကိုယ်ပိုင်ယာဉ်များနှင့် ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းများလည်း ယခင်ကထက် ပိုမိုတိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။

သို့ဖြစ်ရာ အဓိကလမ်းမကြီးများတွင် နေ့စဉ်နှင့်အမျှ ယာဉ်ကြောပိတ်ဆို့မှုများ ကြုံတွေ့ကြရသည်။

ပြည်သူအများ လိုရာခရီးသို့ အဆင်ပြေစွာ သွားလာနိုင်ရန် သက်ဆိုင်ရာက ယာဉ်ကြောရှင်းလင်းရေးပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်၏ အဓိကကျသော ဗားကရာလမ်းမကြီးပေါ်တွင် စည်းကမ်းလိုက်နာခြင်းမရှိသော ရပ်နားထားသည့် မော်တော်ယာဉ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ သတ်မှတ်ချိန်ထက်ကျော်လွန်၍ ပိုင်ရှင်လာရောက်ယူခြင်းမရှိသော မော်တော်ယာဉ်တစ်စီးကို သက်ဆိုင်ရာက ကရိန်းကားပေါ်သို့ တင်နေသည်ကို တွေ့ရသဖြင့် **(ယာပုံ)** ယာဉ်မောင်းများ ယာဉ်ကြောပိတ်ဆို့မှုမရှိရေး ဝိုင်းဝန်းဆောင်ရွက်ရန် လိုပေသည်။ **ထွန်းဇော်(စမ်းချောင်း)**

## ယာဉ်ကြောပိတ်ဆို့သော ကားများအား ရှင်းလင်းဆောင်ရွက်နေ








## ရွှေကုန်သည်များအားအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ စီးပွားရေးဖွံ့ဖြိုးမှုဇုန်တွင် ဖွင့်လှစ်ထားသော အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း(ရန်ကုန်)ကို ၂၅-၁၂-၂၀၁၃ ရက်မှစ၍ ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

**ပြန်လည်ဖွင့်လှစ်မည့်ရက်ကို ထပ်မံအသိပေးကြေညာပါမည်။**

**ဦးသူတော်**
**၉/မရတ(နိုင်)၀၅၉၅၄၆**
**(ဥက္ကဋ္ဌ-မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း)**
**အကယ်ဒမီရွှေသန့်စင်လုပ်ငန်း**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ပြန်ပြောပါရစေ

**ငွေးအောင် (ခရီးသွား)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကား အောင်မြင်စွာ ပြီးဆုံးခဲ့ချေပြီ။ ဤပွဲကြီးက မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်တွင် အဆင့်တစ်ခုသို့ ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ခဲ့ပေသည်။ လှုံ့ဆော်ရေး သီချင်းထဲက "မြန်မာ၊ မြန်မာ. . . မြန်မာ. . . ."ဆိုသည့် ဟစ်ကြွေးသံသည် မိုးယံဆီသို့ စူးရှစွာပျံ့လွင့်သွားခဲ့လေသည်။ ယင်းသို့သောအခြေအနေသို့ ရောက်ရှိအောင် လုပ်ကိုင်နိုင်ခြင်းမှာ ပြည်သူတစ်ရပ်လုံး၏ စွမ်းပကားကြောင့်ဟု ဆိုရပေမည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရအဖွဲ့နှင့်အတူ ပြည်သူအများမှာ မိမိတို့ကျရာအခန်းကဏ္ဍက အားကြိုးမာန်တက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခြင်း၏ရလဒ်ပင်ဖြစ်ပါသည်။ ဤပွဲကြီးအကြောင်း ပြန်လည်တွေးဆ စားမြုံ့ပြန်ကြည့်ရလျှင်. . .

လွန်ခဲ့သည့် ငါးနှစ်လောက်ကဆိုလျှင် ဝဏ္ဏသိဒ္ဓိနှင့် ဇေယျာသီရိဘောလုံးကွင်းနှစ်ကွင်းမှာ နေပြည်တော်နှင့်အညီ အဆင့်မီတည်ဆောက်ရန်ဖြစ်သော်လည်း မပီပြင်သေး။ အားကစားရွာသည်လည်း တည်ဆောက်ဆဲဝန်ထမ်းအိမ်ရာပုံစံတစ်ပိုင်းတစ်စ။ လိုအပ်သည့် အထောက်အကူပစ္စည်းများကို ပြည်ပအထောက်အပံ့ဖြင့်ရရှိရေးမှာ စကားပင် မစနိုင်သေး။ နိုင်ငံတော်ဘတ်ဂျက်က သုံးစွဲရန်အတွက် ကုန်ကျစရိတ်များပင် တိတိကျကျမတွက်နိုင်သေး။ သို့သော်လည်း ထိုအချိန်တွင် နေပြည်တော်၏အခြေခံတည်ဆောက်မှုများသည် နေသားတကျဖြစ်လာရာ ၂၀၀၉ ခုနှစ် လာအိုနိုင်ငံတွင်ကျင်းပသည့် (၂၅) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်ကောင်စီ တတိယအကြိမ်အစည်းအဝေး၌(၂၇)ကြိမ်မြောက်ပွဲတွင် မြန်မာက အိမ်ရှင်အဖြစ် ဆောင်ရွက်ရန် အဆိုပြုညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပသည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ်ကောင်စီ ပထမအကြိမ်အစည်းအဝေးတွင် လာမည့်(၂၇)ကြိမ်မြောက်ပွဲကို မြန်မာက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း အတည်ပြုကြေညာရင်း အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်အလံကို လက်ခံရယူခဲ့သည်။ နှစ်ပေါင်း ၄၄ နှစ် ကုန်လွန်ခဲ့ပြီးနောက် မြန်မာတို့၏စွမ်းဆောင်ရည်ကို ပြန်လည်ဖော်ထုတ်ပြသခွင့်ရရှိအောင် မြန်မာက ယုံကြည်ခိုင်မာစွာဖြင့် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ထိုအချိန်ကစတင်၍ ဤအားကစားပြိုင်ပွဲကြီး မြန်မာ့မြေတွင် အောင်မြင်စွာ ကျင်းပနိုင်ရန် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ယနေ့အခါသမယတွင် ဤတာဝန်ကို နိုင်ငံတော်အစိုးရအဖွဲ့သည် ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပေသည်။

အစပိုင်းတွင် တည်ဆောက်ရေးအပိုင်းတွေ ပြီးမှပြီးပါ့မလား၊ အထောက်အကူပြုပစ္စည်းတွေ အချိန်မီမှ တပ်ဆင်နိုင်ပါ့မလား၊ အချိန်ဇယားအတိုင်း အားလုံး လှုပ်ရှားနိုင်ပါ့မလား၊ ပွဲမဝင်ခင်ဖိတ်ခေါ် လှုပ်ရှားမှုများ လုပ်မှ လုပ်နိုင်ပါ့မလား၊ ပြည်ပအကူအညီများ အချိန်မီမှ ရပါ့မလား စသည့် လားပေါင်းများစွာနှင့် စိုးရိမ်ပူပန်မှုများ ပေါ်ထွက်ခဲ့သည်။

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၀၉ ခုနှစ်က လာအိုတွင်ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့သွားရောက်အားပေးခဲ့၏။ ထိုစဉ်က သူလည်း ကြိုးစားလုပ်ပြသွားတာပဲဟု မှတ်ချက်ချခဲ့မိသည်။ နှစ်နှစ်အကြာ အင်ဒိုနီးရှားတွင် ကျင်းပသည့်အခါ အတွေ့အကြုံရယူနိုင်အောင် လေ့လာရေးအဖွဲ့ကို သွားရောက်ကြည့်ရှုစေခဲ့ပြန်သည်။ အင်ဒိုနီးရှားသည် ဤပွဲကို ဂျကာတာတွင် မကျင်းပ။ ဆူမာတြားကျွန်းတောင်ပိုင်းရှိ ပါလာဘန်မြို့တွင် ယင်းဒေသကို မြှင့်တင်ကြော်ငြာသည့်အနေဖြင့် ထုတ်ဖော်ပြသလိုက်သည်။ အထင်ကရ မြို့ကြီးပြကြီးမဟုတ်သည့်အတွက် စင်းလုံးချောမဖြစ်သည်မှာ ဓမ္မတာပင်။ သို့ရာတွင် ထူးခြားဆန်းသစ်မှုများဖြင့် ဖန်တီးပြသသွားခဲ့သည်။

ဤကာလမတိုင်ခင်ကပင် နိုင်ငံတော်အစိုးရသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲကျင်းပရေးအတွက် ဦးစီးကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများဖွဲ့စည်းကာ အချိန်နှင့်တစ်ပြေးညီတွက်ချက်လှုပ်ရှားစေခဲ့သည်။ အင်ဒိုနီးရှားမှ ပြန်လာသည့်အချိန်တွင်မူ တစ်နှစ်ချင်း တစ်လချင်း တစ်ရက်ချင်း ရေတွက်ရင်းဘက်ပေါင်းစုံမှ စတင်လှုပ်ရှားပါတော့သည်။ လုပ်ငန်းကော်မတီ (၁၄)ရပ်တွင် အားကစားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရသောကော်မတီသည် လုပ်ငန်းတာဝန်များပြားသည့်အပြင် ပေါင်းစပ်ညှိနှိုင်းပေးရသည့်အတွက် အထူးအရေးကြီးသည်။ တည်ဆောက်တပ်ဆင်မှုအပိုင်းများ ပြီးပြည့်စုံသည့်အချိန်တွင် အိုလံပစ်ကော်မတီအပါအဝင် အထူးအဖွဲ့များ၏ အရည်အသွေးဆန်းစစ်မှုသည် ရင်မောစရာတစ်ခုဖြစ်သည်။ အရည်အသွေးမမီဟုဆိုလျှင် ဤပွဲကြီးကို မိမိတို့လက်လွှတ်ဆုံးရှုံးရမည်။ ထို့အတွက် ကျားကုတ်ကျားခဲ ရုန်းကန်လှုပ်ရှားကြရသည်။ ဤစာမေးပွဲအောင်မြင်သည့်အခါ ပွဲကြီးကို အစဉ်အလာအတိုင်း ကျင်းပသွားနိုင်ဖို့ တွန်းအားပေးလှုံ့ဆော်ရသည်။ ပွဲမဝင်ခင်အပြင်ကကျင်းပဆိုသည့် စကားအတိုင်း အားလုံးတက်ညီလက်ညီ ပြင်ဆင်ကြရသည်။

ဤသို့ဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကျင်းပရန် အဆင်သင့်ဖြစ်လာခဲ့သည်။ ဤသို့ဆောင်ရွက်ထားမှုအပေါ် နိုင်ငံတော်အကြီးအကဲက ကြည့်ရှုပြီး လိုအပ် သည်များလမ်းညွှန်မှာကြားခဲ့သည်။

ဤပွဲကြီးတစ်စနှင့်တစ်စ နီးကပ်လာသည်နှင့်အမျှ ပါဝင်ပတ်သက်သူအားလုံး လှည်းနေလှေအောင်းမြင်းဇောင်းမကျန် လှုပ်ရှားကြရသည်။ ကော်မတီ (၁၄) ရပ်တွင်ဆိုခဲ့သည့်အတိုင်း အားကစားဝန်ကြီးဌာနက ကျင်းပရေးတာဝန်၊ ပြိုင်ပွဲတိုင်းပါဝင်ယှဉ်ပြိုင်ရေးနှင့် အောင်မြင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးတာဝန်၊ ပြိုင်ပွဲများမှတ်ပုံတင်ခြင်းနှင့် အားကစားပြိုင်ပွဲများ နည်းစနစ်ပိုင်းတာဝန်နှင့် အခမ်းအနားပြင်ဆင်ရေးတာဝန်များ၊ ပြည်ထဲရေးဝန်ကြီးဌာနက လုံခြုံရေးတာဝန်၊ ပြန်ကြားရေးဝန်ကြီးဌာနက လူထုစည်းရုံးလှုံ့ဆော်ရေး၊ သတင်းပြန်ကြားရေးနှင့် မှတ်ပုံတင်ရေးတာဝန်၊ ယဉ်ကျေးမှုဝန်ကြီးဌာနက ဖွင့်ပွဲပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပရေးတာဝန်၊ ပို့ဆောင်ရေးဝန်ကြီးဌာနက သယ်ယူပို့ဆောင်ရေးတာဝန်နှင့် ဖိတ်ကြားရေးနှင့်ကြိုဆိုဆက်သွယ်ဆက်ဆံရေးတာဝန်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဧည့်ခံကျွေးမွေးရေးတာဝန်၊ ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးတာဝန်၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ဆက်သွယ်ရေးတာဝန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတာဝန်၊ ကျန်းမာရေးဝန်ကြီးဌာနက ကျန်းမာရေးနှင့်ဆေးဘက်ဆိုင်ရာတာဝန် စသဖြင့် အသီးသီးတာဝန်ယူကြရသည်။

**ဤပွဲကြီးကာလတစ်လျှောက်တွင် မြန်မာတို့သည် ဒေသတွင်းနိုင်ငံခြားဧည့်သည်များနှင့် ခင်မင်ရင်းနှီးမှု ကောင်းစွာရရှိ။ အနေကြာလာသည်နှင့်အမျှ အားကစားရွာတွင် တာဝန်ထမ်းဆောင်သူများ၊ ဧည့်သည်နှင့်အတူ လိုက်ပါသော ဆက်ဆံရေးတာဝန်ခံများ၊ စေတနာ့ဝန်ထမ်းပါဝင်လုပ်ကိုင်ပေးသူများသည် မိတ်ဆွေသူငယ်ချင်းများဖြစ်ကာ သူတို့ထံ အလည်လာရောက်ကြရန် စရိတ်ငြိမ်းဖိတ်ခေါ်။ အချိန်တိုအတွင်း မြန်မာ့အစားအစာများနှင့်လည်း ရင်းနှီးကျွမ်းဝင်သွားကြ။ ဤပွဲကြီးသည် မြန်မာကို ဒေသတွင်းသာမက နိုင်ငံတကာမှ သိအောင် မြှင့်တင်ပေးလိုက်နိုင်သည့်အောင်ပွဲကြီးဖြစ်။ ။**

ဤနေရာတွင် ကျွန်တော့်အနေဖြင့် တည်းခိုနေထိုင်ရေးနှင့် အစားအသောက် ဧည့်ခံကျွေးမွေးရေးအပိုင်းတွင် တာဝန်ယူရသည့်အတွက် မိမိအပိုင်းတစ်ခုတည်း၏လုပ်ငန်းတာဝန်များကို အစမှအဆုံး အဆင်ပြေအောင် ဂရုစိုက်ရသည်။

အများသိကြသည့်အတိုင်း ဤပြိုင်ပွဲကြီးကို အားကစားအမျိုးအစားအလိုက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်တို့တွင် လေးနေရာခွဲ၍ ကျင်းပရာ ဤနေရာအားလုံးတွင် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးအပိုင်းက ပါဝင်သည်။ ဤပွဲသို့လာရောက်သည့် ကိုယ်စားလှယ်အဖွဲ့တွင် အားကစားသမားအပြင်၊ ဒိုင်၊ ဂျူရီလူကြီးနှင့်အိုလံပစ်ကော်မတီအဖွဲ့ဝင်များ၊ နည်းပြများ၊ သတင်းမီဒီယာများနှင့် အားပေးကြည့်ရှုသူများဟူ၍ ယေဘုယျလေးမျိုးခွဲခြားဝန်ဆောင်မှုပြုကြရသည်။

နေပြည်တော်သည် အားကစားပွဲအများဆုံးကျင်းပသည့် နေရာဖြစ်သဖြင့် အားကစားရွာနှင့် နေပြည်တော်ဟိုတယ်များ အချိန်မီအဆင်သင့်ဖြစ်ရေး တွန်းအားပေးရသည်။ ဟိုတယ်များက ဧည့်သည်လက်ခံပြီဆိုလျှင် အစားအသောက်တွဲလျက်ပါဝင်သဖြင့် သူတို့ကျွေးသည့် အစားအစာများ အဆင့်မီရေးကို ဂရုစိုက်ရသည်။ အားကစားရွာမှာ အုပ်စုလိုက် စုဖွဲ့ထားရာ အုပ်စုတစ်စုတွင် အိပ်ခန်းရှစ်ခန်းပါ အဆောင် ၁၀ လုံးစီ ပါရှိသည်။ ယင်းအဆောင်တွင် တည်းခိုမည့်အားကစားအဖွဲ့များ၏ နေထိုင်စားသောက်ရေးမှာ ကျွန်တော်တို့၏ အနီးကပ်တာဝန်ဖြစ်သည်။

ယင်းအဖွဲ့၏လုပ်ငန်းတာဝန်မှာ ကြီးမားလှသည်။ အားကစားသမားအင်အား ၃၀၀၀ ကျော်တို့၏ နေထိုင်စားသောက်ရေးကို ဟိုတယ်ပုံစံကျွေးမွေးရမှာဖြစ်သည်။ ထို့အပြင် နံနက်စာ၊ နေ့လယ်စာ၊ ညစာ၊ နေ့ခင်းလက်ဖက်ရည်ကော်ဖီအပြင် ညဉ့်လယ်စာ အဆစ်ပါသည်။ အိပ်ခန်းဆောင်ထိန်းသိမ်းခြင်းနှင့်သန့်ရှင်းခြင်းလုပ်ငန်းများက အပိုဆောင်းတာဝန်၊ ဤလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်မှာ အတွေ့အကြုံရှိသည့်အဖွဲ့များမှသာ ဖြစ်နိုင်မည်။ ထို့အတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့များကို ဆက်သွယ်ရေးလမ်းကြောင်းများကတစ်ဆင့် တင်ဒါခေါ်ယူခဲ့သည်။ နိုင်ငံခြားအဖွဲ့အချို့က စိတ်ဝင်စားသော်လည်း ကျွန်တော်တို့ရသည့် ဘတ်ဂျက်ဖြင့်မလုပ်နိုင်။ အပိုဆောင်းလုပ်ငန်းတစ်ခုခုပေးနိုင်မှ လက်ခံစဉ်းစားမည့်အကြောင်း အဖြေရသည်။ ပြည်တွင်းအဖွဲ့များအနက် ဖြစ်နိုင်ခြေရှိသူများအား တွေ့ဆုံဆွေးနွေးခဲ့ရာ အဆုံးတွင် အစုအဖွဲ့ပုံစံဖြင့် စနစ်တကျလုပ်ကိုင်နိုင်ပြီး အတွေ့အကြုံလည်းရှိပြီးဖြစ်သော မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းအား ရွေးချယ်တာဝန်ပေးအပ်ခဲ့လေသည်။

အခြားတစ်ဖက်တွင် ဟိုတယ်၌ တည်းခိုနေထိုင်စားသောက်ကြမည့် ဒေသတွင်းနိုင်ငံများမှ ဧည့်သည်တော်ကြီးများ၊ သံတမန်များ၊ အချို့အားကစားအဖွဲ့များ၊ ဒိုင်၊ ဂျူရီလူကြီးများ၊ နည်းပြများ၊ မီဒီယာများနှင့် အားကစားဝါသနာရှင်အားပေးကြည့်ရှုသူများအတွက် နေပြည်တော်၌သာမက ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ဇုန်များရှိ ဟိုတယ်တာဝန်ခံများနှင့် ညှိနှိုင်းဆွေးနွေးကြရသည်။ အစီအစဉ်ကျင်းပသည့်အချိန်မှာ ခရီးသွားရာသီနှင့် တိုက်ဆိုင်နေသဖြင့် ဟိုတယ်အလိုက် အခန်းများ မျှဝေပေးကြရသည်။ အခန်းခနှင့် စားသောက်ခနှုန်းထားများမှာလည်း အိုလံပစ်ကော်မတီ၏ဘတ်ဂျတ်အပေါ် အခြေခံ၍ ထိုက်သင့်သမျှ သာရကြသည်။ သို့ရာတွင် ယခုပွဲမှာ နိုင်ငံတော်ပွဲဖြစ်၍ ဟိုတယ်တွေက လက်ခံပေးကြသဖြင့် သူတို့အတွက် အခန်းတွေ ကြိုတင်စီစဉ်ထားလိုက်ရ၏။

တစ်ဆက်တည်းဧည့်ဝတ်ကျေပွန်စွာဝန်ဆောင်မှုပြုရေး၊ လိုအပ်သည့်အခါ စေတနာဖြင့် ကူညီစောင့်ရှောက်ရေး၊ အစားအစာများ ကျန်းမာရေးနှင့်လျော်ညီအောင် ချက်ပြုတ်ကျွေးမွေးရေးတို့အတွက် သင်တန်းလည်းပေး၊ စောင့်ကြပ်ကြည့်ရှုထိန်းသိမ်းခြင်းများလည်း ပြုလုပ်ပေးရသည်။

စင်စစ်အားကစားပွဲတော်သည် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဖွင့်လှစ်သည်ဆိုသော်လည်း နိုင်ငံအများစုက တစ်ပတ်ဆယ်ရက်ခန့်ကပင် ကြိုတင်ရောက်လာခဲ့ကြသည်။ ကွင်းမစိမ်းရန်အတွက် ပွဲမဝင်ခင်လေ့ကျင့်လို၍ဖြစ်သည်။ ဒိုင်၊ ဂျူရီ အစရှိသည့် ကြီးကြပ်ရေးအဖွဲ့များကလည်း ပဏာမညှိနှိုင်းရန်လာကြသည်။ ခြင်းလုံးကဲ့သို့သော အချို့အားကစားနည်းများကလည်း ဖွင့်ပွဲမတိုင်ခင်ကပင် စတင်ကစားကြသည်။

ဤသို့ဖြင့်အားကစားဇုန်နယ်မြေ လေးခုစလုံးတွင် ပွဲတော် သရုပ်သကန်ပီပြင်စွာ ပေါ်လွင်လာသည်ကို တွေ့ရသည်။ ထိုအခိုက် ဗီယက်နမ်သတင်းသမားတစ်ဦးက အားလုံးကောင်းပါသည်ဆိုပြီးမှ အဆုံးတွင် နေပြည်တော်အားကစားရွာ၌ ခြင်ကိုက်သည်ဆိုသဖြင့် ပိုးမွှားစစ်ဆင်ရေးကို နဂိုကထက် ပိုမိုအာရုံစိုက်ကြရပြန်သည်။ အမှန်မှာ မြန်မာနိုင်ငံတစ်ခွင်လုံးရှိ ဟိုတယ်၊ တည်းခိုခန်းနှင့်စားသောက်ဆိုင်များတွင် ပိုးမွှားသန့်စင်ကင်းရှင်းရေးကို အထူးဂရုပြုနိုင်မနင်းသင့်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ယနေ့နိုင်ငံတော်အဆင့် အခမ်းအနားများတွင်ပင် ယင်းကိစ္စကို အထူးသတိပြုဆောင်ရွက်နေရပါသည်။ အထူးသဖြင့် ယင်ကောင်များ တကယ့်အချိန်တွင် စားပွဲပေါ်သို့ ရောက်လာခြင်းဖြစ်ပါသည်။ အတွေ့အကြုံအရ ယင်၊ ခြင်တို့သည် သာမန်အချိန်တွင် လိုက်ကာများအကြား၊ ပန်းအိုးများအကြားတွင် ပုန်းအောင်းနေလေ့ရှိပါသည်။ ပွဲစခါနီးဝိုင်ခွက်၊ ရေခွက်ချသည့်အချိန်၊ ပွဲစ၍ ပန်းကန်ခွက်ယောက်ချသည့်အချိန်ကျမှ ဟိုတစ်ကောင် ဒီတစ်ကောင်ထွက်လာပြီး ဒုက္ခပေးတတ်ပါသည်။ ဤဖြစ်စဉ်ကို တာဝန်ရှိသူများဂရုပြုရန် အလေးထားမှာကြားသော်လည်း ယနေ့တိုင် တွေ့ကြုံရပါသည်။ အချို့ပုဂ္ဂိုလ်များသည် သတိမမူဘဲ ခန်းမ၏ ဝင်ထွက်ပေါက်တံခါးမကြီး များကိုဖွင့်လေ့ရှိရာ ပတ်ဝန်းကျင်မှ ယင်၊ ခြင်များကို ဖိတ်ခေါ်သလို ဖြစ်ပါသည်။ ဖြစ်နိုင်လျှင် ယင်းကိစ္စသည် အဝေးစည်း၊ အပြင်စည်းနေရာများရှိ ၄င်းတို့ပေါက်ပွားတတ်သည့်နေရာများကို စဉ်ဆက်မပြတ် ရှင်းလင်းထားမှသာ အတွင်းစည်းမှာ သက်သာမည်ဖြစ်ပေသည်။

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

# မြိတ်မြို့တွင် ကုန်းဖောက်သံကူကွန်ကရစ်တံတား တည်ဆောက်



**မြိတ် ဒီဇင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု အင်းလေးမြိုင်ရပ်ကွက် သုခလမ်းမကြီးထိပ်တွင် ကုန်းဖောက်သံကူကွန်ကရစ်တံတား **(ယာပုံ)**ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် နယ်စပ်ရေးရာ ရန်ပုံငွေကျပ် သိန်း ၉၅၀ဖြင့် မြိတ်တောင်လမ်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**စတင်တည်ဆောက်**

အဆိုပါ ကုန်းဖောက်သံကူကွန်ကရစ်တံတားသည် အရှည်ပေ ၁၀၀ ရှိပြီး အကျယ် ၁၄ ပေနှင့် လူသွားလမ်း တစ်ဖက် သုံးပေစီရှိသော သံကူကွန်ကရစ်တံတားကို လေးလဖြင့် အပြီးတည်ဆောက်မည်ဖြစ်၍ အောက်တိုဘာလမှစ၍ တံတားတည်ဆောက်ရန် သံကူကွန်ကရစ်တိုင်များပြုလုပ်ခဲ့ပြီး နိုဝင်ဘာလဆန်းတွင် စတင်တည်ဆောက်ခဲ့ကြောင်း မြိတ်တောင်လမ်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဆက်လက်ဆောင်ရွက်**

ယခုအခါ တံတားကြမ်းခင်း သံကူကွန်ကရစ် ခင်းကျင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးဟိန်း(မြိတ်)**

ပြည်တွင်းသတင်း

# တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က **(ယာပုံ)** တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းစတင်သည့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်အထိ လုပ်ငန်းများ အကောင်အထည်ဖော် တားဆီးထိန်းချုပ်နိုင်ခဲ့ခြင်းကြောင့် တရားမဝင်ကုန်စည်များ တရားဝင် လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ ယခင်ဘဏ္ဍာနှစ်အလားတူကာလထက် ကုန်သွယ်မှုပမာဏတွင် ပို့ကုန်ပိုင်း၌ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၆၅၆ ဒသမ ၈၅၄၊ သွင်းကုန်ပိုင်း၌ အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၆၈၇ ဒသမ ၄၇၆ တိုးတက်လာမှုကြောင့် ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း



၄၃၄၄ ဒသမ ၃၃ တိုးတက်လာသဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်များတိုးတက်လာသည့်အပြင် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများ၊ အရည်အသွေးနိမ့်ကုန်ပစ္စည်းများကိုလည်း အထိုက်အလျောက် တားဆီးနိုင်ခဲ့ကြောင်း၊ တရားဝင်တင်သွင်းသူများကိုလည်း မျှတသည့်ယှဉ်ပြိုင်မှုဖြစ်ပေါ်စေခဲ့သလို အဆိုပါ လုပ်ငန်းများ လုပ်ဆောင်သည့်ပြည်တွင်း SMEs များကိုလည်း အတိုင်းအတာတစ်ခုအထိ အကာအကွယ်ပေးနိုင်ခဲ့ကြောင်း၊ လုပ်ငန်းတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသူများအားလုံးကို ချီးကျူးမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်၍လက်ရှိကုန်သွယ်မှု ပမာဏလျှာထားချက် ပြည့်မီစေရေးနှင့် ကုန်သွယ်မှုကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ကြောင်းနှင့် အရေးယူမှုအပိုင်းတွင်လည်း ပို့ကုန်သွင်းကုန်ဥပဒေ၊ ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေတို့ဖြင့် ထိုက်သင့်သောပြစ်ဒဏ်များ ချမှတ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မူလတန်းလွန်ကျောင်း အသိအမှတ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာ အမရဝတီ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းအား မူလတန်းလွန်ကျောင်းအဖြစ် အသိအမှတ်ပြုပွဲနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါကျောင်း ရန်ကင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အလှူရှင်များက ဆရာတော်သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းဝင်းအတွင်း တည်ထားကိုးကွယ်မည့် ဣန္ဒာပုဏ္ဏ (လိုတရ) စေတီတော် မွမ်းမံရန်နှင့် အမရဝတီ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းဘက်စုံဝေယျာဝစ္စအသုံးပြုရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ်နှစ်သိန်းနှင့်အလှူရှင်လေးဦးတို့က စုစုပေါင်းငွေကျပ် ၃၄၃ ဒသမ ၂ သိန်း၊ အမေရိကန်ဒေါ်လာ ၁၀၀ နှင့် အမရဝတီ ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် မော်တော်ယာဉ်တစ်စီးတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံသည်။**(အပေါ်ပုံ)**

ယင်းနောက် မူလတန်းလွန်ကျောင်းအဖြစ် အသိအမှတ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မန္တလေးတက္ကသိုလ်၌ ဆရာကြီး ဦးကိုလေး ကြေးသွန်းရုပ်တု စိုက်ထူဖွင့်ပွဲကျင်းပရာ တက်ရောက်ကြသူများအမှတ်တရ ဓာတ်ပုံရိုက်စဉ်။**
တင်မောင်(မန္တလေး)

# ဆရာကြီးဦးကိုလေး ကြေးသွန်းရုပ်တုဖွင့်

**မန္တလေး ဒီဇင်ဘာ ၂၅**

အဆင့်မြင့် ပညာရပ်များကို ပျံ့နှံ့အောင် အထက်မြန်မာပြည်သို့ စတင်ဆောင်ရွက်ခဲ့သော မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ ဆရာကြီးဦးကိုလေး၏ ဂုဏ်ကျေးဇူးကို နောင်လာနောက်သားများ သိရှိမှတ်သားနိုင်ရန် ကြေးပိဿာချိန် ၁၁၀၊ အမြင့်လေးပေရှိ ဆရာကြီးဦးကိုလေး၏ကြေးသွန်းရုပ်တုကို နှစ်တစ်ရာပြည့်မြောက်သည့် ယခုနှစ်တွင် ပညာရေးဝန်ကြီးဌာနသို့ လှူဒါန်းခဲ့ပြီး ဒီဇင်ဘာ ၂၅ ရက် ညနေ ၃ နာရီက မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့ ပန်းခြံမြက်ခင်းပြင်အလယ်၌ လေးဖက်မြင်ကမ္ပည်းမော်ကွန်းကျောက်စာတိုင် အမြင့်ရှစ်ပေရှိ ဒုတိယအဓိပတိဆရာကြီး ဦးကိုလေး၏ ကြေးသွန်းရုပ်တုကို စိုက်ထူဖွင့်လှစ်ခဲ့ကြသည်။

အဆိုပါ ကြေးသွန်းရုပ်တုစိုက်ထူဖွင့်လှစ်ရာသို့ မန္တလေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစောပြုံးနိုင်နှင့် တာဝန်ရှိသူများ၊ မန္တလေးတက္ကသိုလ် တည်ထောင်သူ ဒုတိယ အဓိပတိဦးကိုလေး (၁၉၁၃-၂၀၁၃) ဦးကိုလေး ရာပြည့်ကျောင်းသားဟောင်းများ ကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်နှင့် ကော်မတီဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များစသည့် အလှူရှင်၊ စေတနာရှင်များ၊ တာဝန်ရှိသူများ၊ မီဒီယာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၇) သင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၈၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲရေးတာဝန်ကို ဆောင်ရွက်နေကြရသူများနှင့် သင်ကြားမှုလုပ်ငန်းများကို ဆောင်ရွက်နေကြရသည့် ဆရာ ဆရာမများအနေဖြင့် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာမှာ ကျရာကဏ္ဍ၊ ကျရာတာဝန်ကို တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူလိုမှု အသိစိတ်ဓာတ် အပြည့်အဝဖြင့် စွမ်းစွမ်းတမံ အကောင်အထည်ဖော်ဆောင်ရွက်ကြပါလို့ လေးလေးနက်နက် တိုက်တွန်း မှာကြားလိုပါကြောင်း၊ ယနေ့ကာလမှာ နိုင်ငံတကာနည်းတူ လိုအပ်နေသည့် လိုအပ်ချက်သည် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးပဲဖြစ်ပါကြောင်း၊ ဒါ့ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ မြင့်မားလာစေရန်အတွက် ဆောင်ရွက်ကြရမှာ လိုအပ်သည့် ပညာ၊ အရည်အချင်း၊ ဗဟုသုတ၊ စာတွေ့လက်တွေ့အပြင် မြေပြင်အတွေ့အကြုံများကိုပါ ပေါင်းစပ်ပြီး သင်ကြားလေ့ကျင့်ပေးရန် လိုကြောင်း၊ ဆရာ ဆရာမတို့မွေးမြူလေ့ကျင့်ပေးလိုက်သော တပည့်များအားလုံးကို ပညာအခြေခံကောင်းများနှင့်အတူ စိတ်ဓာတ်ဆိုင်ရာ အခြေခံကောင်းများ၊ စည်းကမ်းဆိုင်ရာ အခြေခံကောင်းများရရှိသွားအောင် သင်ကြား လေ့ကျင့်ပေးနေကြရမှာဖြစ်ပါကြောင်း၊ စိတ်ဓာတ်ဆိုင်ရာ အခြေခံကောင်းများနှင့် စည်းကမ်းဆိုင်ရာ အခြေခံကောင်းများကတော့ အပြန်အလှန်လေးစားတန်ဖိုးထားခြင်း၊ တစ်ဦးနှင့်တစ်ဦး အားပေးဖေးမခြင်း၊ ရိုင်းပင်းကူညီစောင့်ရှောက်ခြင်း၊ ထောက်ထားငဲ့ညှာစာနာခြင်း၊ ခွင့်လွှတ်သည်းခံခြင်း၊ သဘောထားကြီးခြင်း၊ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို ပိုင်းခြားဆင်ခြင်နိုင်ခြင်း၊ စောင့်စည်းရမည်များကို စောင့်စည်းနိုင်ခြင်းစတာတွေဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများသည် ပညာအခြေခံကောင်းများကို သင်ကြားလေ့ကျင့်ပေးရာဌာနများဖြစ်သလို စိတ်ဓာတ်ဆိုင်ရာ အခြေခံကောင်းများ၊ စည်းကမ်းဆိုင်ရာ အခြေခံကောင်းများ၊ လေ့ကျင့်မွေးမြူပေးရာဌာနများလည်းဖြစ်ပါကြောင်း၊ ဆရာ ဆရာမတို့အနေဖြင့် ပညာပြည့်ဝသော၊ စိတ်ဓာတ်မြင့်မြတ်သော၊ စည်းကမ်းကောင်းမွန်သော နိုင်ငံ့သားကောင်း လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာအောင် သင်ကြား၊ လေ့ကျင့်၊ မွေးမြူပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**● ရှေ့ဖုံးမှ**

စိုင်းစိုင်းခမ်းလှိုင်၊ Bobby Soxer တို့အပါအဝင် ပြည်တွင်း အနုပညာရှင်များ၏ ဂီတဖျော်ဖြေ တင်ဆက်မှုများနှင့် ပျော်ရွှင်ဖွယ် ဂိမ်းကစားခြင်း အစီအစဉ်များကို ထည့်သွင်းထားကြောင်း သိရသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၉၃၀ ပြည့်နှစ်တွင် ဥရုဂွေးနိုင်ငံတွင် စတင်ကျင်းပခဲ့ပြီး ပထမဆုံး ပြုလုပ်ထားသည့် ကမ္ဘာ့ဖလား (ဂျူလ်ရီးမက်ဖလား)ကို ၁၉၅၈၊ ၁၉၆၂နှင့် ၁၉၇၀ တွင် ကျင်းပသော ကိုးကြိမ်မြောက် ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် သုံးကြိမ်အနိုင်ရရှိခဲ့သော ဘရာဇီးလ်နိုင်ငံအား အပိုင်ပေးအပ်ခဲ့သည်။

၁၉၇၄ တွင် ပြန်လည်ပြုလုပ်ခဲ့သည့် ကမ္ဘာ့ဖလားဆုကို FIFAမှ ၂၀၀၆ ခုနှစ်တွင် စတင်လှည့်လည်ပြသခြင်းအစီအစဉ်ကို ပြုလုပ်ခဲ့သည်။ ၁၈ ကာရက် ရွှေဖြင့်ပြုလုပ်ထားသော ကမ္ဘာ့ဖလားဆုကြီးသည် အမြင့် ၃၆ စင်တီမီတာ၊ အလေးချိန် ၆၁၇၅ ဂရမ်ရှိပြီး ယင်းဆုဖလားအောက်ခြေတွင် ၁၉၇၄ ခုနှစ်မှ စတင်ပြီး ကမ္ဘာ့ဖလားရရှိခဲ့သည့် နိုင်ငံများ၏ အမည်ကို ရေးထိုးထားသည်။ FIFA ကမ္ဘာ့ဖလားသည် FIFA ၏ ပိုင်ဆိုင်မှုအဖြစ် ရှိရမည်ဆိုသော ဥပဒေထုတ်ပြန်ထားခြင်းကြောင့် အဆိုပါဖလားကို မည်သည့် နိုင်ငံသို့မျှ အပိုင်ပေးအပ်ခြင်း မရှိပေ။

ကိုကာကိုလာအချိုရည် သံဘူးခြောက်ဘူးဝယ်ယူ၍ ကြည့်ရှုခွင့်လက်မှတ် ရယူထားကာ ကမ္ဘာ့ဖလားကို လာရောက်ကြည့်ရှုမည့် မြန်မာ့ဘောလုံးဝါသနာရှင် တစ်သောင်းခြောက်ထောင်ခန့် လာရောက်ကြည့်ရှုမည်ဟု ခန့်မှန်းထားကြောင်း ကိုကာကိုလာကုမ္ပဏီ(မြန်မာ)၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။ **(သတင်းစဉ်)**

# ပညာသင်ထောက်ပံ့ငွေ ချီးမြှင့်

**ကန့်ဘလူ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် အေးမြစိုးဖောင်ဒေးရှင်း ပညာရေးငွေပဒေသာပင်မှ ဆေးတက္ကသိုလ် ကျောင်းသားများ (နောက်ဆုံးနှစ်အပိုင်း-ခ)အား ထောက်ပံ့ငွေ ချီးမြှင့်ပေးအပ်ပွဲကို အထက(၁) ရွှေရတုကျောင်းဆောင်၌ ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ ရှေးဦးစွာ အေးမြစိုးဖောင်ဒေးရှင်းအတွင်းရေးမှူး ဦးစောအောင်က ထူးချွန်ကျောင်းသားများကို ထောက်ပံ့နိုင်ရေးပညာရေး ငွေပဒေသာပင် ကော်မတီဖွဲ့စည်းဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး(ငြိမ်း)ဆရာကြီးဦးကျော်ရင်က ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အေးမြစိုးဖောင်ဒေးရှင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်သန်း၊ ဆရာကြီးဦးကျော်ရင်တို့က ဆေးတက္ကသိုလ်ကျောင်းသားများကို ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ကြသည်။ ထိုသို့ထောက်ပံ့ပေးအပ်ရာ ဆေးတက္ကသိုလ် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်းဖြင့် ကျောင်းသားခုနစ်ဦးအား ငွေကျပ် ၂၁၀၀၀၀၀ ထောက်ပံ့ပေးပြီး ကန့်ဘလူမြို့နယ်မှ လေးဦးနှင့် ကျွန်းလှမြို့နယ်မှသုံးဦးတို့ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

သတင်းဆောင်းပါး

# ESIA Report ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိစေရေး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏လမ်းညွှန်မှုနှင့်အညီ စိစစ်သုံးသပ်ဆောင်ရွက်သွားမည်

လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းအတွက် ရေးဆွဲထားသော ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှု ဆန်းစစ်ချက်အစီရင်ခံစာ (ESIA Report)နှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးအား သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်-

**မေး - လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဆိုင်ရာ စုံစမ်းစစ်ဆေး အကောင်အထည်ဖော် ဆောင်ရွက်ရေးနဲ့ပတ်သက်လို့ ဆောင်ရွက်ခဲ့ရတဲ့ နောက်ခံသမိုင်းကြောင်းလေးနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**

**ဖြေ** - ၂၃-၁၁-၂၀၁၂ရက်နေ့က ကျင်းပခဲ့တဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ အရေးကြီးအဆိုအပေါ် မူတည်ပြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနဲ့ပတ်သက်လို့ ကြေးနီမိုင်းလုပ်ငန်း ဆက်လက်လုပ်ဆောင်ခွင့်ပြုသင့်/မသင့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၉၅/၂၀၁၂ နဲ့ ၃-၁၂-၂၀၁၂ ရက်နေ့မှာ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၁၆ ဦးနဲ့ဖွဲ့စည်းခဲ့ပါတယ်။

စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်တွေအနေနဲ့ ဒီစီမံကိန်းနဲ့ပတ်သက်လို့ ကျေးရွာလူထုခံစားနေရတဲ့ ပြည်သူ့အသံများအပါအဝင် စီမံကိန်းနဲ့ ပတ်သက်တဲ့အချက်အလက်တွေကို အဖွဲ့များဖွဲ့စည်းစုံစမ်းပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နိုင်ငံတကာဆက်ဆံရေးစတဲ့ ရှုထောင့်မျိုးစုံကိုချိုင့်စဉ်းစားပြီး ပြုပြင်ဖို့လိုတဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်စေပါတယ်။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို ဆက်လက်ဆောင်ရွက်စေသင့်ပါကြောင်း စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အပြီးသတ် အစီရင်ခံစာမှာ အကြံပြုတင်ပြခဲ့ပါတယ်။

အဲဒီအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနဲ့ပတ်သက်တဲ့ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မယ့်ကော်မတီကို နိုင်ငံတော်သမ္မတရုံးရဲ့ ၁၁-၃-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၈/၂၀၁၃နဲ့ ဖွဲ့စည်းခဲ့ပါတယ်။

အဲဒီကော်မတီအောက်မှာ သိမ်းဆည်းမြေယာများစိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၊ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနဲ့ပြန်လည်တည်ဆောက်ခြင်းအဖွဲ့ဆိုပြီး အဖွဲ့လေးဖွဲ့ကို ထပ်မံဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

**မေး - ထပ်မံဖွဲ့စည်းခဲ့တဲ့ အဖွဲ့လေးဖွဲ့အနက် ဘယ်အဖွဲ့မှာ ညွှန်ကြားရေးမှူးချုပ်က အဖွဲ့ဝင်အဖြစ် ပါဝင်ပါသလဲ။ ပါဝင်တဲ့ တခြားအဖွဲ့ဝင်တွေကိုလည်း သိလိုပါတယ်။**

**ဖြေ** - ကျွန်တော်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှာ အဖွဲ့ဝင် အဖြစ်ပါဝင်ပါတယ်။ ဒီအဖွဲ့မှာ အဖွဲ့ခေါင်းဆောင်က သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်ဖြစ်ပါတယ်။ ဒုတိယအဖွဲ့ခေါင်းဆောင်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က သစ်တော၊ သတ္တုဝန်ကြီး ဦးသန်းထိုက်၊ အတွင်းရေးမှူးက သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်ဖြစ်ပါတယ်။ အခြားအဖွဲ့ဝင်တွေကတော့ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းသန်းညွှန့်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးထွန်းတို့ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ စုစုပေါင်း အဖွဲ့ဝင်ခြောက်ဦးပါဝင်ပါတယ်။

**မေး - လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအတွက် ရေးဆွဲထားတဲ့ ပတ်ဝန်းကျင်နဲ့ လူမှုရေးထိခိုက်မှုဆန်းစစ်ချက်အစီရင်ခံစာ (Environment and Social Impact Assessment Report -ESIA Report) ရေးဆွဲ အကောင်အထည်မဖော်မီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့အညီ ဆောင်ရွက်စေဖို့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အနေနဲ့ ဘယ်လိုစတင်ကြိုးပမ်းဆောင်ရွက်ခဲ့သလဲဆိုတာ ရှင်းပြပေးပါခင်ဗျာ။**

**ဖြေ** - ၁၁-၄-၂၀၁၃ ရက်နေ့က နေပြည်တော် Mount Pleasant Hotel မှာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ Myanmar Wanbo Mining Cooper Ltd. တို့မှ တာဝန်ရှိသူတွေ၊ တတိယအဖွဲ့အစည်းဖြစ်တဲ့ Khight Pie'sold Pty., Ltd. (K.P)မှ တာဝန်ရှိသူတွေပါဝင်တဲ့ ESIA အစီရင်ခံစာ တင်ပြနိုင်ရေးနဲ့စပ်လျဉ်းတဲ့ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ပါတယ်။ ESIA အစီရင်ခံစာကို ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း တင်ပြနိုင်ရေး ဆောင်ရွက်သွားဖို့ ညှိနှိုင်းခဲ့ကြပါတယ်။

၃၀-၄-၂၀၁၃ ရက်နေ့မှာ K.P မှ စီမံကိန်းဒေသရဲ့အခြေခံသတင်းအချက်အလက်တွေအပေါ် အခြေပြုပြီး Scoping Study Report နဲ့ ESIA ရေးဆွဲရန် Terms of Reference (TOR) တို့ကို ကော်မတီသို့ ပြန်လည်တင်ပြခဲ့ပါတယ်။

အဲဒီ (TOR) အစီရင်ခံစာတွေကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က လေ့လာဆန်းစစ်ခဲ့ပြီး ၁၁-၆-၂၀၁၃ ရက်နေ့နဲ့ ၁၄-၆-၂၀၁၃ ရက်နေ့တွေမှာ ကုမ္ပဏီမှ တာဝန်ရှိသူများနဲ့ ညှိနှိုင်းဆွေးနွေးပြီး အချက် ၂၆ ချက်ကို ထပ်မံထည့်သွင်းဖြည့်စွက်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။

စီမံကိန်းဒေသအတွင်း ကနဦးတည်ဆောက်ရေးကာလမှာ သဘာဝပတ်ဝန်းကျင်နဲ့လူမှုစီးပွားရေးကို ထိခိုက်ဖို့အလားအလာရှိတဲ့ အခြေအနေတွေလျော့နည်းစေဖို့အတွက် လိုက်နာဆောင်ရွက်သင့်တဲ့ကိစ္စရပ်တွေနဲ့ပတ်သက်တဲ့ Construction Environmental and Social Management System-CESMS အစီရင်ခံစာကို K.P က ၁၁-၆-၂၀၁၃ ရက်နေ့မှာ ပြုစုတင်ပြခဲ့ပါတယ်။ CESMS အပေါ် ပြင်ဆင်ဖြည့်စွက်ဖို့လိုအပ်တဲ့ ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး ၁၉-၇-၂၀၁၃ ရက်နေ့မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နဲ့ K.P မှ တာဝန်ရှိသူများ ရန်ကုန်မြို့မှာ အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး K.Pမှ ပြင်ဆင်ပြီးဖြစ်တဲ့ CESMS အစီရင်ခံစာကို ၂-၉-၂၀၁၃ ရက်နေ့မှာ ပြန်လည်တင်ပြခဲ့ပါတယ်။

**မေး - ESIA အစီရင်ခံစာ တင်ပြလာခြင်းနဲ့ပတ်သက်တဲ့ အခြေအနေလေးကိုလည်း သိပါရစေ။**

**ဖြေ** - ESIA အစီရင်ခံစာကို ၁၂-၉-၂၀၁၃ ရက်နေ့ကစတင်ပြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနဲ့ ပတ်သက်တဲ့ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မယ့်ကော်မတီကို အပိုင်းလိုက် တင်ပြခဲ့ပါတယ်။

၂၀-၁၀-၂၀၁၃ ရက်နေ့မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး



ဦးနေအေး
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်
ထိန်းသိမ်းရေး
ဦးစီးဌာန

အဖွဲ့ အတွင်းရေးမှူးနဲ့ K.Pမှ ပညာရှင်များ၊ မြန်မာဝမ်ပေါင်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများတွေ့ဆုံပြီး ESIA အစီရင်ခံစာ အပြီးသတ်ပြုစုနိုင်ရေး ကိစ္စရပ်တွေ ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

ဆွေးနွေးချက်တွေအရ K.P မှ ESIA အစီရင်ခံစာနဲ့ ဆက်စပ်တဲ့ နောက်ဆက်တွဲအခန်းများကို ၁၉-၁၁-၂၀၁၃ ရက်နေ့မှာ အပြီးသတ်ပြုစု တင်ပြခဲ့ပါတယ်။

**မေး - ESIA အစီရင်ခံစာဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတွေ ကျင်းပခဲ့တဲ့ အခြေအနေကိုလည်း သိပါရစေ။**

**ဖြေ** - လက်ပံတောင်းတောင်ကြေးနီစီမံကိန်းရဲ့ ESIA အစီရင်ခံစာ (မူကြမ်း)ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူများထံ တင်ပြတဲ့ ညှိနှိုင်းဆွေးနွေးပွဲကို ၁၉-၁၁-၂၀၁၃ရက်နေ့နဲ့ ၂၁-၁၁-၂၀၁၃ ရက်နေ့တွေမှာ နေပြည်တော် Mount Pleasant Hotel မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဲဒီဆွေးနွေးပွဲမှာ ESIA အစီရင်ခံစာ (မူကြမ်း) အကျဉ်းချုပ်ကို K.Pမှ ပညာရှင်က ရှင်းလင်းတင်ပြခြင်းအပေါ် ဆွေးနွေးခြင်းနဲ့ ESIA အစီရင်ခံစာအား စိစစ်သုံးသပ် အတည်ပြုချက်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

ဆက်လက်ပြီး ၂၆-၁၁-၂၀၁၃ ရက်နေ့မှာ ဆားလင်းကြီးမြို့နယ် Myan mmar Wanbo Mining Cooper Ltd. အစည်းအဝေးခန်းမမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နဲ့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ Myanmar Wanbo Mining Cooper Ltd. တို့ ESIA အစီရင်ခံစာအတည်ပြုချက်ရရှိရေးအတွက် ဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်တွေနဲ့ ESIA အစီရင်ခံစာနဲ့ ပတ်သက်လို့ ပြည်သူလူထုကို ရှင်းလင်းအသိပေးတင်ပြသွားဖို့ ကိစ္စရပ်တွေကို ဆက်လက်ဆွေးနွေးခဲ့ကြပါတယ်။

**မေး - လက်ပံတောင်းတောင်ကြေးနီစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ပြုစုတင်ပြတဲ့ ESIA Report နဲ့ပတ်သက်လို့ ဆက်လက်ဆောင်ရွက်သွားမယ့်လုပ်ငန်းစဉ်တွေကို သိပါရစေ။**

**ဖြေ** - ESIA Report ကို စိစစ်သုံးသပ်အတည်ပြုနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နဲ့ Myanmar Wanbo Mining Cooper Ltd. တို့မှ သက်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် ESIA Report ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကို ပေးပို့သွားရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ စိစစ်ပြီးသွားတဲ့အခါ စိစစ်သုံးသပ်ချက်တွေကို အဆင့်ဆင့် ပြန်လည်ပေးပို့ အသိပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး - ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့မှုအခြေအနေလေးသိပါရစေ။**

**ဖြေ** - ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုဖို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ တင်ပြချက်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၈-၈-၂၀၁၃ ရက်စွဲပါ စာအမှတ် ၁၆၄၀/၃၀၉ ဖွဲ့စည်းခွင့် ၃-၃၈/ အဖရ(၂၀၁၃) နဲ့ အဖွဲ့ဝင် ၃၉ ဦးပါ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာစိစစ်သုံးသပ်ရေးအဖွဲ့ကို ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။

ဒီလိုစိစစ်သုံးသပ်ရာမှာ လိုအပ်ရင် ပြင်ပကျွမ်းကျင်ပညာရှင်တွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေက သင့်လျော်တဲ့ကိုယ်စားလှယ်တွေကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး - ESIA Report ကို ဘယ်အဖွဲ့အစည်းက အတည်ပြုပြန်ကြားသွားမလဲဆိုတာ သိပါရစေ။**

**ဖြေ** - ESIA Report ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ လမ်းညွှန်ချက်နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနက အတည်ပြုပြန်ကြားသွားမှာဖြစ်ပါတယ်။

**မေး - ESIA Report ကို တရားဝင်လက်ခံမယ့် နေ့ရက်နဲ့ပတ်သက်ပြီး သိပါရစေ။**

**ဖြေ** - ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက လက်ခံရရှိတဲ့နေ့ကို တရားဝင်လက်ခံတဲ့နေ့ရက်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး - ESIA Report ကို စတင်လက်ခံပြီးတဲ့အချိန်ကနေ အတည်ပြုပြန်ကြားမယ့်နေ့ရက်အထိ ဘယ်လောက်ကြာကြာ အချိန်ယူဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

**ဖြေ** - ESIA Report ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက လက်ခံရရှိတဲ့နေ့မှစပြီး ရက်ပေါင်း ၉၀ အတွင်း အတည်ပြုပြန်ကြားသွားမှာဖြစ်ပါတယ်။

**မေး - ESIA Report တရားဝင် လက်ခံရရှိပြီးနောက်မှာ စိစစ်သုံးသပ်ရေး အဖွဲ့အနေနဲ့ ဘယ်လိုလုပ်ဆောင်သွားမှာပါလဲ။**

**ဖြေ** - ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့အနေနဲ့ (အခန်းလိုက်ဖြစ်စေ၊ လုပ်ငန်းအဖွဲ့ခွဲအလိုက်ဖြစ်စေ၊ ဘာသာရပ်အလိုက်ဖြစ်စေ၊ အခြားသင့်တော်တဲ့ နည်းလမ်းဖြင့်ဖြစ်စေ) စိစစ်သုံးသပ်ပြီး သုံးသပ်တွေ့ရှိချက်၊ အကြံပြုချက်တွေကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ Myanmar Wanbo Mining Cooper Ltd. နဲ့ K.P သို့ အကြောင်းကြားသွားမှာဖြစ်ပါတယ်။

စိစစ်သုံးသပ်ရေးအဖွဲ့အနေနဲ့ ESIA Report ကို ပြည်သူလူထုသို့ အသိပေးရှင်းလင်းတင်ပြခြင်းဆိုင်ရာ ဆွေးနွေးမှုတွေကိုလည်း အခြားအဖွဲ့အစည်းများနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး - ESIA Report နဲ့ပတ်သက်ပြီး ပြည်သူလူထုကို ရှင်းလင်း၊ အသိပေး တင်ပြဖို့အတွက် ဘယ်အဖွဲ့အစည်းတွေက ဆောင်ရွက်သွားမလဲဆိုတာကိုလည်း သိပါရစေ။**

**ဖြေ** - စီမံကိန်းအဆိုပြုသူအနေနဲ့ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို လူမှုအဖွဲ့အစည်း၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သူများသိရှိနိုင်ရန် ထုတ်ဖော်ကြေညာသွားရမှာဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ထုတ်ပြန်တဲ့အဖွဲ့ဝင် ၃၉ ဦးပါ ပတ်ဝန်း ကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ ဖွဲ့စည်းခွင့်ပြုမိန့်မှာ ဖော်ပြထားတဲ့ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ရဲ့လုပ်ငန်းတာဝန်များ အပိုဒ်(ထ)မှာ "သက်ဆိုင်ရာ စီမံကိန်းဧရိယာများသို့ ကွင်းဆင်းစိစစ်ခြင်း၊ စီမံကိန်းဆိုင်ရာ ဆက်စပ်ပါဝင်ပတ်သက်သူများ၊ အဖွဲ့အစည်းများ၊ ဒေသခံလူထုများနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ သဘောထားများရယူခြင်း"လို့ ပါရှိပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့လည်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို လက်ခံရရှိတဲ့အခါ အဲဒီအစီရင်ခံစာကို အများပြည်သူသိရှိစေဖို့ ထုတ်ဖော်ကြေညာသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အနေနဲ့လည်း ESIA Report နဲ့ ပတ်သက်ပြီး ပြည်သူလူထုကို ရှင်းလင်း၊ အသိပေးတင်ပြသွားဖို့ လိုအပ်တဲ့အုပ်ချုပ်မှုကိစ္စရပ်တွေအတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဒါ့ကြောင့် ပြည်သူလူထုကို ESIA Report နဲ့ပတ်သက်လို့ အသိပေးတင်ပြသွားဖို့အတွက် စီမံကိန်းအဆိုပြုတဲ့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နဲ့ Myanmar Wanbo Mining Cooper Ltd. မှ တာဝန်ရှိသူတွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတွေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့မှ အဖွဲ့ဝင်တွေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတွေက ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး- ESIA Report ကို အများပြည်သူနဲ့ တိုင်ပင်ညှိနှိုင်းခြင်းလုပ်ငန်းစဉ်အပါအဝင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာထုတ်ဖော်ကြေညာခြင်းနဲ့ သုံးသပ်ရေးလုပ်ငန်းစဉ်ပြီးမြောက်ဖို့အတွက် ကုန်ကျမယ့် ကုန်ကျစရိတ်တွေကို ဘယ်သူတွေကကျခံရမလဲဆိုတာ သိပါရစေ။**

**ဖြေ** - ESIA Report ဆိုင်ရာလုပ်ငန်းစဉ်များအတွက် ကုန်ကျစရိတ်များကို

သတင်းအဖွဲ့

စာမျက်နှာ ၁၁ သို့

ပြည်တွင်းသတင်း

# အထောင်မြို့ ပြဟ္မဝိဟာရ ကုသိုလ်ဖြစ်ဆေးခန်းသို့ လူနာတင်မော်တော်ယာဉ် ပေးအပ်လှူဒါန်း

**ပုသိမ် ဒီဇင်ဘာ ၂၅**

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၈ နာရီခွဲတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ တာဝန်ရှိ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့်အတူ ပုသိမ်မြို့ အမှတ်(၄) ရပ်ကွက် ရွှေစေတီလမ်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးရှေ့၌ ကျင်းပသော ဒီဇင်ဘာ လူထုအားကစားပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး အားကစားပြိုင်ပွဲများတွင် ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား လည်းကောင်း၊ ရိုးရာခြင်းအလှခတ်အဖွဲ့အား ဆုငွေကျပ် ၁၅၀၀၀ ကို လည်းကောင်း၊ ပြိုင်ပွဲကျင်းပရေး ကော်မတီအား ဆုငွေကျပ်သုံးသိန်းကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ရာ ဆုရရှိသူများနှင့် ပြိုင်ပွဲကျင်းပရေး ကော်မတီမှ တာဝန်ရှိသူများက လက်ခံယူခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် နံနက် ၉ နာရီ မိနစ် ၅၀ တွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် အတူ ပုသိမ်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ကျုံပျော်မြို့နယ် အထောင်မြို့ မြို့မဓမ္မာရုံသို့ ရောက်ရှိပြီး ပြဟ္မဝိဟာရကုသိုလ်ဖြစ် ဆေးခန်းတွင် လာရောက်ဆေးကုသနေသူများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် အထောင်မြို့ မြို့မဓမ္မာရုံ၌ ကျင်းပသော ပြဟ္မဝိဟာရကုသိုလ်ဖြစ် ဆေးခန်းသို့ လူနာတင်မော်တော်ယာဉ်ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ခဲ့သည်။ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ကုသိုလ်ဖြစ်ဆေးခန်း ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်နေပါကြောင်း၊ မြို့နယ်များတွင် အရန်သားဖွားသင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကာ ကျေးရွာတိုင်းတွင် အရန်သားဖွား တစ်ဦးစီရှိနေစေရေး ဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးဦးစီး၍ တစ်လလျှင် နှစ်ကြိမ် ကွင်းဆင်း၍ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ဆောင်ရွက်နေပါကြောင်း၊ ယခုကဲ့သို့ လူနာတင်မော်တော်ယာဉ် ပေးအပ်လှူဒါန်းသော အလှူရှင် စိန်ခဲ၊ ရွှေခဲ၊ ငွေခဲ၊ ပုလဲ (ငါးငံပြာရည်) လုပ်ငန်းနှင့် Golden Dragron Co., Ltd.ပိုင်ရှင် ဦးအောင်ရွှေ - ဒေါ်မြမြလင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် မှတ်တမ်းတင်ထားရှိမှာ ဖြစ်ပါကြောင်း ပြောကြားပြီး ပြဟ္မဝိဟာရ ကုသိုလ်ဖြစ် ဆေးခန်းသို့ အလှူငွေကျပ်သုံးသိန်း လှူဒါန်းခဲ့ပြီး လူနာတင် မော်တော်ယာဉ်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် အထောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း မြတ်လေးခန်းမ၌ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ထို့နောက် အခမ်းအနား တက်ရောက်လာကြသော ဒေသခံပြည်သူများမှ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များ အပေါ် ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်း ဆွေးနွေးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ညနေ ၃ နာရီ ၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



# တက္ကသိုလ်ကျောင်းသားများအချင်းချင်း ယဉ်ကျေးမှုဖလှယ်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ ဂျပန်နိုင်ငံ တိုကျိုမြို့ The Ryukoku University မှ Vice President Mr. Noriko Tanaka နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

**ညှိနှိုင်းဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံရှိတက္ကသိုလ်များနှင့် Ryukoku University တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေး၊ တက္ကသိုလ်ကျောင်းသားများအချင်းချင်း ယဉ်ကျေးမှုဖလှယ်ရေးတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူကုန်ကူးမှုပပျောက်မှ တို့တွေစိတ်မှာချမ်းသာရ

*စာမျက်နှာ ၆ မှ*

ပွဲတော်ရက်နီးကပ်လာသည်နှင့်အမျှ အထူးသဖြင့် နေပြည်တော်သည် ဧည့်သည်အဖွဲ့၊ အိမ်ရှင်အဖွဲ့များဖြင့် လှုပ်ရှားသွားလာမှုများ ရှိလာပါသည်။ ယခုမှရောက်ဖူးကြသော ဧည့်သည်တို့သည် နေပြည်တော်အားမျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည့်အတွက် အမှန်ပင်အံ့ဩသွားကြပါသည်။ ဟိုတယ်များ၊ အားကစားရုံများ၊ ခန်းမများ၊ ကစားကွင်းများသာမက ၎င်းတို့နေထိုင်ရမည့် အားကစားရွာ၏ အပြင်အဆင်များသည် အထင်နှင့်အမြင်၊ အကြားနှင့်အတွေ့ တကယ်တကယ်စင်ကွဲလွဲနေသည့်အတွက် စတင်ချီးကျူးကြပါသည်။ ရွာအတွင်းအုပ်စုလိုက် အိပ်ဆောင်များတွင် တာဝန်ခံမန်နေဂျာနှင့်အဖွဲ့က ၂၄ နာရီအချိန်ပြည့်စောင့်ရှောက်ပေးသည့်အပြင် လိုအပ်ချက်ကို ကော်မတီက ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးသည့်အတွက် ကျေနပ်ကြပါသည်။

မိမိတို့အပိုင်းက မည်မျှဧည့်ဝတ်ကျေပွန်အောင်လုပ်ကိုင်ပေးသော်လည်း အချို့နေရာများတွင် မထင်မှတ်သည့်ဖြစ်စဉ်များက ပေါ်ထွက်လာတတ်စမြဲ။ တစ်နေ့နံနက်တွင် အားကစားသမားတစ်ဦးသည် လေ့ကျင့်ရန်အခန်းတွင်းမှ ကမန်းကတန်းထွက်သွားခဲ့ရာ ကိုယ်ပိုင်လျှပ်စစ် ရေနွေးအိုးကို ပလပ်ထိုးထားခဲ့သဖြင့် တစ်အိုးလုံးမီးလောင်ကျွမ်းသွားခဲ့သည်။ သန့်ရှင်းရေးအဖွဲ့အရောက်မစောလျှင် အမှိုက်ကစ ပြာသာဒ်မီးလောင်သွားပေမည်။ ဘောလုံးအားကစားသမားတချို့က အဆောင်တွင်းဘောလုံးကန်ရာမှ မီးချောင်းများလည်း ကွဲခဲ့ရသည်။ အချို့ကအိမ်သာအိုးထဲ ချွေးနံ့ပျောက်ဆေးနှင့် အခြားအသုံးအဆောင်များ မှားယွင်းထည့်တာလည်း ရှိသည်။ အချို့က နေပြည်တော်၏ အအေးဒဏ်မခံနိုင်သဖြင့် အပိုခြုံစောင်များတောင်း၍ ထပ်မံထုတ်ပေးရသည်။ အချို့က အိမ်သာအတွင်း၌ စက္ကူလိပ်နှင့်ရေပိုက်သာမက တဘက်အသေးပါ ထည့်ပေးရန်တောင်းဆိုသည်။ အချို့က အပူအအေးခလုတ်များကို လက်လွတ်စပယ်သုံးခဲ့သည့်အတွက် အပူလွန်ပြီး ပျက်စီးသွားသဖြင့် ပြန်လည်တပ်ဆင်ပေးရသည်။ အားကစားရွာအတွင်းရှိ ပြုပြင်ထိန်းသိမ်းရေးအဖွဲ့သည် စခန်းဖွင့်သည့် နိုဝင်ဘာလ ၂၄ ရက်နေ့မှစ၍ ရွာအတွင်းလက်မလည်နိုင်အောင် လှုပ်ရှားနေကြရသည်။ ကျွန်တော်တို့အတွက် အားကစားရွာရှိအဆောင်များတွင် တည်းခိုနေထိုင်ရေးနှင့်ပတ်သက်၍ ပြဿနာအထူးအထွေမရှိသော်လည်း စားသောက်ဆောင်များတွင် ကျွေးမွေးခြင်းကိစ္စကိုမူ အထူးဂရုပြုစောင့်ကြပ်ကြည့်ရှုကြရပါသည်။ အထူးသဖြင့် နေ့စဉ်အချိန်မှန်ကျွေးမွေးနိုင်ရေး၊ ကျွေးမွေးသည့်ဟင်းလျာများ အမယ်စုံရေး၊ လတ်ဆတ်ကောင်းမွန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အစာအဆိပ်မသင့်ရေး၊ ပြည့်စုံလုံလောက်ရေး၊ လိုအပ်သည့် တောင်းဆိုမှုများကို ချက်ချင်းဖြည့်ဆည်းပေးနိုင်ရေးတို့မှာ အဓိကတာဝန်များ ဖြစ်ပါသည်။

ဧည့်ခံကျွေးမွေးရာတွင် ဖွင့်ပွဲမစခင်အချိန်ကစတင်၍ နေ့အလိုက် ဆယ်ဂဏန်း၊ ရာဂဏန်းစသဖြင့် တစ်ဆင့်ချင်းတိုးမြှင့်ကျွေးမွေးရသည့်အတွက် အားသာချက်မှာ လိုအပ်ချက်များကို တစ်ရက်ချင်း အဆင်ပြေအောင် စီစဉ်ပေးသွားနိုင်သည်။ အချိန်ကြာသည်နှင့်အမျှ လူချင်းခင်မင်ရင်းနှီးမှုလည်း ပိုမိုရရှိလာသည်။ သူ့အကြိုက်လိုက်ပေးရသလို၊ ကိုယ့်အပေါ်လည်း နားလည်စာနာပေးတတ်လာသည်။ ပြိုင်ပွဲစခါနီးတွင် အားကစားသမား ထောင်ဂဏန်းပြည့်လာသော်လည်း အခက်အခဲမရှိ ပုံမှန်လှုပ်ရှားနိုင်ကြောင်း တွေ့ရသည်။ တစ်ခါတစ်ရံ အားကစားသမားတို့က မွေးနေ့ပါတီပွဲများ၊ မွေးနေ့ကိတ်များဖုတ်ပေးရန် တောင်းဆိုကြသည်။ တချို့က သူတို့လူကြီးများ လာစားမှာဖြစ်သဖြင့် အထူးသီးသန့်လုပ်ပေးရန် အကူအညီတောင်းတတ်ကြရာ အားလုံးအဆင်ပြေအောင် စီမံပေးရသည်။

အားကစားရွာတွင် တည်ငြိမ်မှုရှိလာသည့်အခါ နေပြည်တော်ဟိုတယ်များဘက် လှည့်ရပြန်သည်။ အင်ဒိုနီးရှားနိုင်ငံ ပါလာဘန်တွင် လုပ်စဉ်က အဖွဲ့တစ်ဖွဲ့ဝမ်းပြဿနာတက်၍ ပြန်မည်လုပ်သည့်အခါ အတော်ပြေလည်အောင် ညှိနှိုင်းကြရသည့်သင်ခန်းစာရှိဖူးသဖြင့် မိမိတို့အလှည့်တွင် ယင်းသို့ မဖြစ်စေရန် အထူးသတိပြုနားစွင့်နေရသည်။ မကြာလိုက်ပါ။ ပွဲကြီးမစခင် ဟိုတယ်တွင် တည်းနေသော အဖွဲ့တစ်ဖွဲ့မှ ကစားသမားတစ်ဦးနေမကောင်းဆို၍ စုံစမ်းမေးမြန်းရာ သာမန်ကိစ္စဖြစ်၍ သက်သာရာရသည်။ သို့သော်လည်း တစ်နေ့နံနက် ပြိုင်ပွဲများစတင်နေချိန်တွင် မလေးရှားအဖွဲ့မှ အားကစားသမားနှစ်ဦး အော့အန်၍ အရေးပေါ်ရောက်နေကြောင်း သတင်းရ၍သွားကြည့်ရာ မနေ့ညကအဖွဲ့လိုက် သပြေကုန်းကဆိုင်တစ်ဆိုင်တွင် ဒေသစာစားပြီး ညဥ့်နက်ပိုင်းတွင်ဖြစ်ကြောင်း သိရသည်။ အချိန်မီ ဆေးကုသမှုခံယူရသည့်အတွက် ပြင်းထန်စွာမခံစားရဘဲ နောက်တစ်နေ့ပြိုင်ပွဲတွင် ပါဝင်ကစားသွားနိုင်ခဲ့သည်။

ကျွန်တော်တို့အနေနှင့် နေပြည်တော်တွင် အဆင်ပြေရုံနှင့် ကျေနပ်နေ၍ မရပါ။ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့ကိုလည်း နားစွင့်နေရပါသည်။ နေပြည်တော်တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်သည့်နေ့က ငွေဆောင်ကမ်းခြေတွင်လည်း ရွက်လှေပြိုင်ပွဲ အခမ်းအနားစတင်ရာ စောစောစီးစီး နေပြည်တော်-ပုသိမ်ခရီးကို လေယာဉ်ဖြင့်သွားပြီး ပုသိမ်-ငွေဆောင်ကို မော်တော်ကားဖြင့် အချိန်မီ သွားရောက်ခဲ့ရသည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုစဉ်က အိန္ဒိယနိုင်ငံဘက်မှာ မုန်တိုင်းရှိသဖြင့် မြန်မာဘက်ခြမ်းတွင်လည်း မိုးရွာခြင်း၊ တိမ်ထူထပ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများရှိခဲ့သော်လည်း ဤခရီးကို အန္တရာယ်ကင်းစွာ ကျော်ဖြတ်နိုင်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားပြီးပြီးချင်း အားလုံးကို တောင်းပန်ကာ အလာပုံစံအတိုင်း နေပြည်တော်ကို ပြန်လာခဲ့ကြသည်။

ထိုနေ့က နေပြည်တော်ဖွင့်ပွဲအခမ်းအနားတွင် ဧည့်ခံကျွေးမွေးရေး တာဝန်ရှိနေ၍ ဖြစ်ပါသည်။ ပွဲတော်ကာလအတွင်း မန္တလေးတွင် အမျိုးသမီးဘောလုံးအဖွဲ့များ၊ ရန်ကုန်တွင် အားကစားခုနစ်မျိုးနှင့် သက်ဆိုင်သည့် အားကစားသမားများ နေထိုင်လျက်ရှိရာ သွားရောက်ကြည့်ရှု မှာကြားရပါသည်။ အထူးသဖြင့် ဟိုတယ်တွင် ကျွေးမွေးသော အစားအစာကြောင့် ဘေးဥပဒ်မဖြစ်စေရန် ဖြစ်ပါသည်။ နေပြည်တော် သပြေကုန်းတွင် တစ်ကြိမ်ဖြစ်ပွားခဲ့ပြီးနောက် စားသောက်ဆိုင်များကို စီးပွားရေးတစ်ခုတည်းမကြည့်ဘဲ မိမိတို့၏အစားအစာများ သန့်ရှင်းကောင်းမွန်ရေးကို အလေးထားဆောင်ရွက်ရန် ထပ်မံသတိပေးမှာကြားရပါသည်။ ဧည့်သည်အားကစားသမားကိုလည်း ပြင်ပအစားအစာများမှာ မိမိတို့ အလေ့အထနှင့်မကိုက်ညီသည့်အတွက် အထူးဂရုပြုစားသောက်ကြရန် ပန်ကြားရပါသည်။

အားကစားရွာတွင် ကျွေးမွေးသည့် အစားအစာများကို ထိုင်းနိုင်ငံ အခြေစိုက် ယူနီလီဗာကုမ္ပဏီမှ ပညာရှင်နှစ်ဦးက နေ့စဉ်ကျွေးမွေးသည့် အစားအစာများ၏ ကယ်လိုရီပြည့်ဝမှုကို တွက်ချက်ဆောင်ရွက်ပေးပြီး ၎င်းတို့အဖွဲ့က ချက်ပြုတ်ကျွေးမွေးမှုပုံစံကို နေ့စဉ်စစ်ဆေးကြပ်မတ်ပေးပါသည်။ အာဟာရတွက်ချက်မှုဇယားနှင့် လိုအပ်သည့် သတင်းအချက်အလက်များကို စားသောက်ဆောင်များတွင် ချိတ်ဆွဲပြသထားရာ အားကစားသမားတို့အနေဖြင့် ၎င်းတို့စားသောက်ရသည့် အစားအစာများအပေါ် ယုံကြည်စိတ်ချမှုရစေပါသည်။ နိုင်ငံအလိုက် အားကစားအဖွဲ့များကို ၎င်းတို့၏ အကြီးအကဲများက လာရောက်ကြည့်ရှုအားပေးရင်း နေ့လယ်စာ၊ ညစာအတူစားကြပါသည်။ယင်းတို့အထဲမှ ဘရူနိုင်း၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားတို့သာမက ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြီးအကဲတို့က အကြံပြုမှတ်တမ်းစာအုပ်တွင် အစားအသောက်များမှာ စံချိန်စံညွှန်းမီကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်ကြောင်း၊ အရသာကောင်းမွန်ကြောင်း မှတ်ချက်ပြုခဲ့ကြပါသည်။

အားကစားရွာတွင် အဆောင်များ၌ တာဝန်ယူကျွေးမွေးရန်သာမက ဆိုရှယ်ဇုန်တွင် စားသောက်ဆိုင်များလည်း ဖွင့်လှစ်ရောင်းချပေးရပါသည်။ လွတ်လပ်စွာ မိမိအစီအစဉ်နှင့် စားသောက်လိုသူအားလုံး လက်ငင်းငွေချေစနစ်ဖြင့် ကြိုက်တာ မှာယူစားသောက်နိုင်ရာ ဤနေရာတွင်လည်း လူစည်ကားပါသည်။ ပြိုင်ပွဲပြီးရန် နှစ်ရက်အလိုညတွင် အားကစားဒိုင်၊ ဂျူရီကြီးကြပ်သူများအား အမှူးထား၍ ညပွဲလေးလုပ်ပေးရန်တောင်းဆိုသဖြင့် တိုင်းရင်းသားအဆိုအကများပါဝင်သော ဖျော်ဖြေပွဲကို မြန်မာ့ရိုးရာ အစားအသောက်များတွဲဖက်၍ စတုဒိသာကျွေးမွေးမှုပြုခဲ့ရာ ဧည့်သည်များ အထူးပျော်ရွှင်နှစ်ခြိုက်ကြကြောင်း တွေ့ရပါသည်။ နောက်ဆုံးရက်တွင် ၎င်းတို့ တောင်းဆိုလေ့ရှိသည့် မုန့်ဟင်းခါးကို နံနက်စာအဖြစ်လည်းကောင်း၊ ယင်းနေ့ဟင်းလျာတွင် မြန်မာဟင်းများဖြင့်လည်းကောင်း ကျွေးမွေးခဲ့ပါသည်။

**ဤပွဲကြီးကာလတစ်လျှောက်တွင် မြန်မာတို့သည် ဒေသတွင်း နိုင်ငံခြားဧည့်သည်များနှင့် ခင်မင်ရင်းနှီးမှုကောင်းစွာ ရရှိလိုက်ပါသည်။ အနေကြာလာသည်နှင့်အမျှ အားကစားရွာတွင် တာဝန်ထမ်းဆောင်သူများ၊ ဧည့်သည်နှင့်အတူလိုက်ပါသော ဆက်ဆံရေးတာဝန်ခံများ၊ စေတနာ့ဝန်ထမ်း ပါဝင်လုပ်ကိုင်ပေးသူများသည် မိတ်ဆွေ သူငယ်ချင်းများဖြစ်ကာ သူတို့ထံ အလည်လာရောက်ကြရန် စရိတ်ငြိမ်းဖိတ်ခေါ်ကြပါသည်။ အချိန်တိုအတွင်း မြန်မာ့အစားအစာများနှင့်လည်း ရင်းနှီးကျွမ်းဝင်သွားကြပါသည်။ ဤပွဲကြီးသည် မြန်မာကို ဒေသတွင်းသာမက နိုင်ငံတကာမှသိအောင် မြှင့်တင်ပေးလိုက်နိုင်သည့် အောင်ပွဲကြီးဖြစ်ပါသည်။**

မြန်မာနိုင်ငံအနေဖြင့် ဤသို့သော အားကစားပွဲကြီးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်မှာ စဉ်းစားကြည့်လျှင် များစွာခဲယဉ်းလှပေသည်။ အခက်အခဲ၊ အကျပ်အတည်း၊ အတားအဆီး၊ အနှောင့်အယှက်များရှိပါသည်။ ပြင်ဆင်မှုများအားလုံးပြီးစီးသည့်အချိန်တွင်ပင် မည်သို့သော အနှောင့်အယှက်ရှိလာမည်ကို ကြိုတင်မျှော်မှန်းတွက်ဆ ပူပန်ရသည့် အခြေအနေဖြစ်ပါသည်။ သို့ရာတွင် ပြည်သူတစ်ရပ်လုံး၏ အားတက်သရော ဝိုင်းဝန်းကူညီပံ့ပိုးမှုကြောင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို မြန်မာ့မြေတွင် အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြစ်ပါသည်။ ဤပွဲကြီးကို စ လယ် ဆုံး စင်းလုံးချော ကောင်းမွန်ပြည့်စုံသည်ဟု မပြောလိုသော်လည်း ကျွန်တော်တို့အားလုံး ထင်တာထက်ပင်ပို၍ စွမ်းဆောင်ပြသလိုက်နိုင်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့်ပင် မြန်မာတို့ ဒုတိယနေရာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဤပွဲမှ အတွေ့အကြုံ အသိအမြင်များသည် နောင်ပွဲများအတွက် အခြေခံကောင်းများဖြစ်အောင် ကြိုးစားသင်ယူရပေမည်။

သို့ရာတွင် ဤသို့သော အဆင့်မီ အားကစားပွဲကြီးတစ်ခု အောင်မြင်စွာ ကျင်းပပြီးစီးရုံမျှနှင့် ကျွန်တော်တို့ ကျေနပ်နေ၍မပြီးသေးပါ။ လက်ခမောင်းခတ်၍ မရသေးပါ။ ရှေ့သွားရမည့်ခရီးကား ရှည်လျားပါသည်။ ခရီးအစတွင်သာ ရှိပါသေးသည်။ အနီးစပ်ဆုံးပြောရလျှင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူတို့၏ အားကစားပြိုင်ပွဲက လက်ကမ်းကြိုဆိုလျက်ရှိပါသည်။ ၂၀၁၄ သည် အာဆီယံဥက္ကဋ္ဌတာဝန် ရယူထားရာ ထိပ်သီးအစည်းအဝေးကြီးများသာမက အဆင့်လိုက်၊ ကဏ္ဍအလိုက်အစည်းအဝေးများစွာကို မြန်မာနိုင်ငံက လက်ခံကျင်းပရမှာ ဖြစ်ပါသည်။ မည်သို့ဆိုစေ အလေ့အကျင့်၊ အတွေ့အကြုံရရှိပြီးရုံသာမက ဇွဲလုံ့လဝီရိယတို့ ရှိပြီးဖြစ်သော မြန်မာတို့သည် မည်သည့်လုပ်ငန်းမျိုးကိုမဆို စုပေါင်းအားဖြင့် မဖြစ်မနေ အောင်မြင်စွာ လုပ်ပြနိုင်မည်ဟု ကျွန်တော် ယုံကြည်မိပါသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား၏ ညအမှောင်တွင် ရောင်စုံဆလိုက်မီးများအောက်မှ ကလေးငယ်များ၏ လှုပ်ရှားတက်ကြွစွာ ပုံဖော်ပြသမှုသည် ကျွန်တော့်မြင်ကွင်းတွင် ရောင်စုံပန်းများ ဝေဆာစွာဖူးပွင့်နေသည့် ပန်းဥယျာဉ်ကြီးကို ကြည့်နေရသည့်အလား မျက်စိပသာဒရှိလှသည့်အပြင် အနှစ်သာရပြည့်စုံလှသည့် နှုတ်ဆက်သီချင်းစာသားနှင့် တေးသွားမှာလည်း ရင်တွင်းစွဲငြိလျက်ရှိပါသည်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ဇောင်ကောင်-လေးဒေါ့-မွာလ်ဘင်းလမ်းကို ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်

**တီးတိန် ဒီဇင်ဘာ ၂၅**

ချင်းပြည်နယ် တီးတိန်မြို့နယ် အတွင်းရှိ ကျေးရွာများ လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်စေရေး အတွက် ဇောင်ကောင်-လေးဒေါ့-မွာလ်ဘင်းလမ်းကို မြေသားလမ်း အဆင့်မှ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ရန်အတွက် မြေသားလမ်း ၁၂ မိုင်ကို ကျောက်ခင်းလမ်းအဆင့် ဆောင်ရွက်နိုင်ရေး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၃၆ သန်း ခွင့်ပြုပြီး ဆောင်ရွက်ခဲ့ရာ ယခုရာသီ မရွေးသွားလာနိုင်သည့် ကျောက်ခင်း လမ်းအဖြစ် ရောက်ရှိသွားပြီဖြစ် ကြောင်းကို အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ် ရေးကော်မတီအဖွဲ့ဝင် စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ပြောသည်။



ချင်းပြည်နယ်သည် တောတောင် ထူထပ်ပြီး တစ်ရွာနှင့်တစ်ရွာ လမ်း ပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသဖြစ်ရာ ဇောင်ကောင်-လေးဒေါ့-မွာလ်ဘင်း ကျောက်ခင်းလမ်းပေါ်ထွန်း လာပြီဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုး ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချ ရေးအတွက် များစွာအထောက်အကူ ပြုလာတော့မည်ဖြစ်ကြောင်း သိရ သည်။

**သျှင်နေမင်း**






# မျှဝေသောလက်များ ပျဉ်းမနားအသင်း တစ်နှစ်ပြည့်နှင့် အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းဖွင့်

**ပျဉ်းမနား ဒီဇင်ဘာ ၂၅**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့၌ ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မျှဝေသောလက်များ ပျဉ်းမနားအသင်းမှ အသင်းတစ်နှစ်ပြည့်နှင့် အခမဲ့ ကုသိုလ်ဖြစ်ဆေးခန်းကို ပျဉ်းမနားမြို့ တံခွန်တိုင်ကျောင်းတိုက်တွင် ဖွင့်လှစ်ခဲ့ သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် အုပ်ချုပ်ရေး မှူး ဦးဇော်လွင်ဦး၊ ပျဉ်းမနားမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးနှင့် ခုတင် ၂၀၀ ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှလှကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အခမ်းအနားသို့ မြို့နယ်အသင်း ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများ၊ မြို့မိ မြို့ဖများ တက်ရောက်ခဲ့ကြပြီး ဧည့် ပရိသတ်များကို ပဲထမင်းနှင့် ဆိတ်သား၊ ကြက်သားဟင်းများဖြင့် ကျွေးမွေး ဧည့်ခံသည်။

ဆက်လက်၍ ကျောင်းတိုက်ရှိ သိမ်တော်ကြီးတွင် မွန်းလွဲ ၁ နာရီက ဆရာ တော် ဘဒ္ဒန္တသုမင်္ဂလ(ဒယ်အိုးဆရာတော်)ကမ္ဘာ့ဌာနာစရိယ မင်္ဂလာတိုက် မော်ဘီ က တရားတော်များ ဟောကြားခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက္ကံ)**

# ဆေးတက္ကသိုလ်(မန္တလေး) မောင်မယ်သစ်လွင်ကြိုဆို

**မန္တလေး ဒီဇင်ဘာ ၂၅**

ဆေးတက္ကသိုလ်(မန္တလေး) ပထမ နှစ် အမ်ဘီဘီအက်စ်(၁၂/၂၀၁၃) သင်တန်းသို့ တက်ရောက်ခွင့်ရရှိကြ သော ကျောင်းသား ကျောင်းသူ မောင်မယ်သစ်လွင်များ ကြိုဆိုပွဲနှင့် မိဘအုပ်ထိန်းသူများ တွေ့ဆုံပွဲအခမ်း အနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ် အောင်ပင် လယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဆေး တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်မောင်ဟန်က အမှာစကားပြောကြားသည်။ထို့နောက် ပထမနှစ် အမ်ဘီဘီအက်စ်သင်တန်း ဌာနမှူးများကိုယ်စား အင်္ဂလိပ်စာဌာန မှူး ဦးအောင်သိန်းထွန်းက အမှာ စကားပြောကြားပြီး ဆေးတက္ကသိုလ် (မန္တလေး) ပထမနှစ်ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသား ကျောင်းသူနှစ်ဦးတို့က ကြိုဆိုနှုတ် ဆက်စကားပြောကြားကြောင်း သိရ သည်။ **တင်မောင်(မန္တလေး)**

# ပုဂံတွင်ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ပထမဦးဆုံးအစည်းအဝေး သတင်းရယူမည့် မီဒီယာသမားများအဆင်ပြေစေရေး စီစဉ်ထားရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

**မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်ရာတွင် ပထမဦးဆုံးကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီး များအစည်းအဝေး ASEAN Foreign Minister's Meeting Retreat, AMM(Retreat) ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ ပုဂံမြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။**

အဆိုပါ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ ပြုလုပ်ရာတွင် သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပသတင်းထောက်များနှင့် နိုင်ငံခြားသတင်းထောက်များအသင်း (Foreign Correspon-dents' Club) အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဦးရဲနိုင် (အထွေထွေမန်နေဂျာ) ၀၆၇-၃၆၁၃၇၊ ၀၆၇-၄၁၂၁၁၉၊ ၀၉-၈၃၀၆၃၅၈ သို့ လည်းကောင်း၊ ဦးလှိုင်မြင့် (ညွှန်ကြားရေးမှူး) ၀၆၇-၄၁၂၂၆၊ ၀၉-၄၉၂၀၅၀၀၄ npemoi@gmail.com သို့ လည်းကောင်းဆက်သွယ်၍ အမည်စာရင်းပေးပို့ကြရမည်ဖြစ်ပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ သတင်းထောက်ကတ်များ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် ဗီဇာလျှောက်ထားရာတွင် နီးစပ်ရာသံရုံးများမှတစ်ဆင့် လျှောက် ထားကြရမည်ဖြစ်သည်။ ပြည်တွင်း/ ပြည်ပမှ သတင်းထောက်များအနေဖြင့် သတင်းထောက်ကတ် လျှောက်ထား ရယူရန် လျှောက်လွှာပုံစံအား ASEAN Webportal ဖြစ်သော www.asean 2014.gov.mm events ခေါင်းစဉ် အောက်ရှိ asean 2014 summit,more detail, ASEAN Foreign Minister's Meeting's Retreat, AMM (Retreat) တွင် ဗီဇာပုံစံကို download ရယူနိုင်သည်။

အဆိုပါ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ သတင်းထောက်ကတ်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးလှိုင်မြင့်(ညွှန်ကြားရေးမှူး)ထံသို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ချမ်းအေးသာစံမြို့နယ် အမက(၁၅) ပညာရည်ချွန်ဆုချီးမြှင့်

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်း ကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင် နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်း အနားကို အဆိုပါကျောင်း အစည်း အဝေးခန်းမ၌ ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းသား ကျောင်း သူလေးများက မြန်မာ့ကျောင်းသီချင်း သီဆို၍ အခမ်းအနားဖွင့်လှစ်ပေးခဲ့ သည်။

ထို့နောက် ကျောင်းအကျိုးတော် ဆောင်ဥက္ကဋ္ဌ ဦးကျော်ကျော်ဌေး နှင့် ကျောင်းအုပ်ဆရာကြီး ဦးထွန်း မြင့်တို့က ကျောင်း၏ တစ်နှစ်တာလုပ် ဆောင်မှု၊ ကျောင်းသား ကျောင်းသူ များ၏ ပညာအရည်အသွေးမြင့်မား ရေး၊ ကျောင်းဖွံ့ဖြိုးတိုးတက် ရေးတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရည်ချွန်ဆု ၄၁ ဆု၊ သန့်ရှင်း မောင်မယ်ဆု ၁၂ ဆု၊ သင်ကြားရေး ဆရာ ဆရာမ များဆုနှင့် ပညာသင်နှစ်တွင် ကျောင်းတက်ရက်မပျက်သည့် ဆရာ ဆရာမ ကျောင်းတက်ရက်မှန် ဆုတို့ကို လက်ထောက်မြို့နယ်ပညာ ရေးမှူး ဦးသောင်းရွှေ၊ ကျောင်းအုပ် ဆရာကြီး ဦးထွန်းမြင့်နှင့် ကျောင်း အကျိုးတော်ဆောင်များ၊ မိဘဆရာ အသင်းအမှုဆောင်များနှင့် တက် ရောက်လာသည့် ဧည့်သည် ကျောင်း အုပ်ကြီးများက ဆုများပေးအပ်ချီးမြှင့် သည်။

အဆိုပါကျောင်းတွင် ကျောင်း သား ၁၉၅ ဦး ပညာသင်ကြားလျက်ရှိပြီး ဆရာ ဆရာမ ၁၂ ဦးရှိကြောင်း သိရ သည်။ **ခင်ခင်ဝင်း(ပညာရေး)**

# လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

**ကလေး ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး မြို့ လက်ပံချောင်းကျေးရွာတွင် ဒီဇင် ဘာ ၂၂ ရက်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးသိန်းလှိုင်နှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင် တို့သည် ကျေးရွာပြည်သူများနှင့် တွေ့ ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် ပြည်သူတို့၏ လိုအပ်ချက်များကို လွှတ် တော်တွင် တင်ပြဆွေးနွေးနိုင်ရေး အတွက် အပြန်အလှန်ဆွေးနွေးခဲ့ကြ သည်။

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူတို့မှရွေးချယ်၍ တင်မြှောက် ခဲ့မှုကြောင့် လွှတ်တော်သို့ရောက်ရှိနေ ကြောင်း၊ ပြည်သူတို့ခိုင်းတာလုပ်ရမည် ဖြစ်ကြောင်း၊ ပြည်သူ့အကျိုးကို ဆောင် ရွက်ပေးရမည်ဖြစ်ကြောင်း၊ လွှတ် တော်ကိုယ်စားလှယ်များ၏ တာဝန် သည် ဥပဒေပြုရေး၊ ပြည်သူလူထုကို ကိုယ်စားပြုပေးရခြင်း၊ စောင့်ကြည့်လေ့ လာပေးရခြင်းလုပ်ငန်းများ ရှိကြောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်ကပြောကြားသည်။ အခမ်း အနားတွင် ပြည်သူများဘက်မှ သန်း ခေါင်စာရင်းကိစ္စများ၊ တိုင်းရင်းသား ရေးရာကိစ္စများ၊ ပညာရေးကိစ္စများ၊ ကျောင်းဆောက်လုပ်ရေး ကိစ္စများ၊ ကျန်းမာရေးကိစ္စများ၊ လမ်းပန်းဆက် သွယ်ရေးကိစ္စများကို တင်ပြဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

**သျှင်နေမင်း**

# ရဲအယောင်ဆောင်တည်းခိုပြီး ဖုန်းခိုးသူအား အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၀ ရက်က ထီးလင်း-ဂန့်ဂေါကားလမ်း ဝါးအိုးချောင်းလမ်း ခွဲ ဇရပ်အနီးရှိ ဈေးဆိုင်၌ထီးလင်းမြို့ ဝါးအိုးချောင်းကျေးရွာနေ ဦးသန်းတင် (၅၁နှစ်)သည် ဈေးရောင်းနေစဉ် ဆိုင် ကယ်တစ်စီးဖြင့် လူတစ်ဦးရောက်ရှိ လာပြီး ကျောနယ်မြေရဲစခန်းမှ နယ် ထိန်းရဲထွင်မှုဟု မိတ်ဆက်ခဲ့သောကြောင့် ၎င်း၏အိမ်၌ တစ်ညတည်းခိုခွင့်ပြုခဲ့ သည်။ ထို့နောက် ဒီဇင်ဘာ ၂၂ ရက် နံနက်စောတွင် ပြန်သွားခဲ့ကြောင်း၊ ဦးသန်းတင်မှ နံနက် ၇ နာရီတွင် ဖုန်း ဆက်ရန်အတွက် ဖုန်းအားကြည့်ရှုရာ ၎င်းပိုင် HUAWEI ဖုန်းတစ်လုံး၊ SAMSUNG ဖုန်းတစ်လုံး စုစုပေါင်း ဖုန်းနှစ်လုံး ပျောက်ဆုံးနေသည်ကို တွေ့ရှိရသောကြောင့် ထီးလင်းနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အတူ လိုက်လံစုံစမ်းခဲ့သည်။ ထိုသို့စုံစမ်းရာ ရဲထွင်မှုဟု မိတ်ဆက်ခဲ့သူကို ပေါက်မြို့ နယ် ပျဉ်းမရွာအနီး၌ တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ကျောနယ်မြေရဲစခန်းမှ နယ်ထိန်းရဲထွင်မှုမဟုတ်ဘဲ စစ်ကိုင်း တိုင်းဒေသကြီး ဒိုးနွယ်ရေနံမော်သို့ လာရောက် အလုပ်လုပ်ကိုင်နေသည့် ရန်ကုန်တိုင်းဒေသကြီး တောင် ဥက္ကလာပမြို့နယ်နေ တင်ရဲထွင်မှု (၃၅ နှစ်)ဖြစ်ကြောင်းနှင့် ၎င်းထံမှ ဦးသန်း တင် ပျောက်ဆုံးသွားသည့် ဖုန်းနှစ်လုံး ကိုပါ တွေ့ရှိရသဖြင့် တင်ရဲထွင်မှုကို ထီးလင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြို့နယ်သတင်းထောက်များနှင့် စာမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာသို့ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက် များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်း ဖြစ်စဉ်များအားပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြား မည်သည့် သတင်းဌာနကိုမျှ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ မြန်မာ့ အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @gmail. com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။ **စာတည်းအဖွဲ့**

*စာမျက်နှာ ၈ မှ*

စီမံကိန်းအဆိုပြုတဲ့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နဲ့ Myanmar Wanbo Mining Cooper Ltd. တို့က ကျခံရမှာဖြစ်ပါတယ်။

**မေး - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနဲ့ပတ်သက်လို့ ဆောင်ရွက်ပြီး ဆောင်ရွက်လျက်ရှိတဲ့အခြေအနေကို သိပါရစေ။**

**ဖြေ** - ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများကို ၂၀၁၃ ခုနှစ် ဇွန်လ ၁၃ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် ၂၀/၂၀၁၃ ကနေ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

အဲဒီနည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၇(က)(ခ)(ဂ) နဲ့ ၁၅၇ (က)(ခ)(ဂ) တို့အရ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်က လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကို ဆက်လက်ပေးပို့ထားပြီးဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူကြမ်း)ကို အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ Nippon Koei ကုမ္ပဏီစတဲ့အဖွဲ့အစည်းတွေရဲ့ အကူအညီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စည်ပင်သာယာရေးကော်မတီများ၊ ရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းရှင်များ၊ ပြည်သူလူထုရဲ့ အကြံပြုချက်တွေနဲ့ ပြုစုရေးဆွဲခဲ့ပါတယ်။ မကြာမီ စတုတ္ထမူကြမ်းကို ပြည်သူလူထုသို့ ချပြနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများကို ပြဋ္ဌာန်းပြီးရင် အဆိုပါ လုပ်ထုံးလုပ်နည်းကိုလည်း ဆက်လက်ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်။

**မေး - ပြည်သူတွေသိစေချင်တဲ့ အခြားအချက်လေးတွေရှိရင်လည်း ပြောပြပေးစေချင်ပါတယ်။**

**ဖြေ** - လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဟာ နိုင်ငံတော်နဲ့ဒေသခံပြည်သူတို့ရဲ့ အကျိုးစီးပွားအတွက်သာမက အနာဂတ်မျိုးဆက်တွေအတွက်လည်း အရေးပါတဲ့ စီမံကိန်းဖြစ်တဲ့အတွက် ESIA Reportကို နိုင်ငံတကာ စံချိန်စံညွှန်းများနဲ့ ကိုက်ညီမှုရှိစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ လမ်းညွှန်ချက်နဲ့အညီ စိစစ်သုံးသပ်အတည်ပြုဆောင်ရွက်သွားမှာ ဖြစ်ပြီး၊ အစီရင်ခံစာပါအချက်အလက်တွေကိုလည်း သက်ဆိုင်ရာတာဝန်ရှိတဲ့ အဖွဲ့အစည်းတွေအနေနဲ့ ပြည်သူများသိရှိအောင် ဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဟုတ်ကဲ့ဆရာ။ ကျေးဇူးတင်ပါတယ်။ ။**



## အားကစားသမားများအား ကြိုဆိုဂုဏ်ပြုချီးမြှင့်

**မကွေး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့ အထက(၁)လမ်းမပေါ်ရှိ မြို့တော်ခန်းမ၌ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ခဲ့သည့် မကွေးတိုင်းဒေသကြီးမှ မြန်မာ့လက်ရွေးစင် အားကစားသမားများ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင်ပါဝင်ခဲ့သည့်ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ၂၄ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ဂုဏ်ပြုမိတ်ဆက်စကားပြောကြား၍ မြို့မိမြို့ဖတစ်ဦးက ဂုဏ်ပြုစကားပြောကြားပြီးနောက် မကွေးတိုင်းဒေသကြီးမှ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ ပြိုင်ပွဲတွင်တွဲဖက်တာဝန်ထမ်းဆောင်ခဲ့သည့် အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊ ဆုရရှိခဲ့သည့် အမျိုးသမီးအားကစားသမား ၁၁ ဦးနှင့် အမျိုးသားအားကစားသမားသုံးဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။

ယင်းဆုချီးမြှင့်ဂုဏ်ပြုပွဲတွင် မကွေးတိုင်းဒေသကြီးမှ နိုင်ငံတော်အတွက် ရွှေငါးဆု၊ ငွေနှစ်ဆု၊ ကြေးခုနစ်ဆုတို့ကို ဆွတ်ခူးပေးခဲ့ကြောင်း သိရသည်။

**ကောင်းသုတ(မင်းဘူး)**

**လူကုန်ကူးမှု ပပျောက်ဖို့**
**တစ်မျိုးသားလုံးပါဝင်ကြစို့**

**ပြည်တွင်းသတင်း**

## ခုခံအားကျဆင်းရောဂါကုသရေးနှင့် ကာကွယ်ရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရနှင့် အင်န်ဂျီအိုအဖွဲ့အစည်းများအကြား ADB ချိတ်ဆက်ပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပို့ဆောင်ဆက်သွယ်ရေး ခက်ခဲသောဒေသများရှိ ပြည်သူများအား ကျန်းမာရေး ဝန်ဆောင်မှုများ ပိုမိုအားကောင်းစွာ လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အစိုးရနှင့် HIV/AIDS ကုသရေးနှင့်ကာကွယ်ရေးလုပ်ငန်းများကို လက်ရှိလုပ်ကိုင်နေသော အင်န်ဂျီအိုအဖွဲ့အစည်းများအကြား ချိတ်ဆက်ပေးမည့် မဟာဗျူဟာချမှတ်နိုင်ရန် ဆင်းရဲမှုလျှော့ချရေးအတွက် ဂျပန်နိုင်ငံရန်ပုံငွေမှ ထောက်ပံ့ငွေသုံးစွဲကာ အာရှဖွံ့ဖြိုးရေးဘဏ်(ADB) မှဆောင်ရွက်သွားမည်ဖြစ်သည်။

"မြန်မာနိုင်ငံမှာက လူမှုရေးနဲ့ နိုင်ငံရေးပြောင်းလဲမှုတွေ ဆက်တိုက်ဆောင်ရွက်နေတာဆိုတော့ ပြည်သူတွေ အိတ်ချ်အိုင်ဗွီ၊ တီဘီနဲ့ ငှက်ဖျားလိုမျိုး ကူးစက်ရောဂါတွေ မတော်တဆ မကူးစက်အောင်လို့ ကာကွယ်ပေးရမှာဖြစ်ပါတယ်"ဟု ADB၏ အရှေ့တောင်အာရှဌာနမှ Health Specialist ဖြစ်သူ Gerard Servais က ပြောသည်။ "အင်န်ဂျီအိုတွေက ကုသမှုနဲ့ ကာကွယ်ရေးလုပ်ငန်းတွေမှာ လိုအပ်တဲ့ ကွာဟချက်တွေကို ဖြည့်ဆည်းဖို့အတွက် အကောင်းဆုံးလုပ်ကိုင်ကြပါတယ်။ ဒါပေမယ့် အခုအချိန်ဟာ နောက်ထပ်ပြည်သူတွေအတွက် ကာကွယ်ရေးလုပ်ဆောင်မှုတွေ တိုးချဲ့ပြီး အင်အားနဲ့လုပ်ဆောင်ရမှာ ဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် ခန့်မှန်းခြေလူဦးရေစုစုပေါင်း ၂၄၀၀၀၀ သည် အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရပြီး အဆိုပါပမာဏသည် တိုင်းပြည်အတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးအဖြစ် သတ်မှတ်ထားသည်။ အမျိုးသားခုခံအားကျဆင်းမှုတိုက်ဖျက်ရေး စီမံချက်၏ ၂၀၁၂ ခုနှစ်တွင် ပြုလုပ်သော စစ်တမ်းများအရ မူးယစ်ဆေးထိုးသူများ၊ အမျိုးသမီးလိင်လုပ်သားများနှင့် လိင်တူဆက်ဆံသူများကြားတွင်ရောဂါပိုးကူးစက်မှုပိုမိုများပြားကြောင်း တွေ့ရှိရသည်။ အဆိုပါရောဂါကူးစက်ခံရသူများအနက်မှ ကလေး၊ လူကြီး စုစုပေါင်း ၄၀၀၀၀ သာလျှင် အိတ်ချ်အိုင်ဗွီပိုးထိန်းဆေး(အေအာရ်တီ)ရရှိခြင်းသည် ကုသနိုင်မှုကွာဟချက်ကြီးမားကြောင်း ပြသလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာနှင့် အမျိုးသားအင်န်ဂျီအိုများ၊ လူထုအခြေပြု အဖွဲ့အစည်းများ ပူးပေါင်းကာ အိတ်ချ်အိုင်ဗွီကာကွယ်ရေးလုပ်ငန်းများအပါအဝင် အခြားအိတ်ချ်အိုင်ဗွီနှင့်ဆိုင်သည့် ဝန်ဆောင်မှုများ ပေးခြင်း၊ လူနာတည်းခိုဆောင်များစီစဉ်ပေးခြင်း၊ ဆေးခန်းများဖွင့်လှစ်ခြင်းနှင့် အိမ်တိုင်ရာရောက် အစီအစဉ်များ ဆောင်ရွက်လျက်ရှိပြီး လိင်မှတစ်ဆင့်ကူးစက်သောရောဂါများကာကွယ်ရေးအတွက် ကွန်ဒုံးနှင့်ချောဆီဖြန့်ဝေခြင်းများဆောင်ရွက်ကာ အင်န်ဂျီအိုများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကာ ၂၀၁၁ ခုနှစ်အတွင်း အများပြည်သူတို့မမြင်နိုင်သည့် ဆေးခန်းများတွင် အေအာရ်တီဆေးဝါး ၇၀ ရာခိုင်နှုန်းကိုဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မိုးသူ**

## ရွှေလျားကျန်းမာရေးကုသမှု ကွင်းဆင်းဆောင်ရွက်

**ရွှေဘို ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲအတွင်းရှိ ငွေးကုန်းကျေးရွာတွင် ရွှေလျားကျန်းမာရေးဆေးကုသမှုကို ဒီဇင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

**ဆောင်ရွက်**

အဆိုပါ ကုသမှုတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးအောင်ဆန်း၊ ခရိုင်မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ငွေငွေမော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးငြိမ်းဇင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်၊ မြို့နယ်ကျန်းမာရေးမှူး ဦးအောင်လင်း၊ ကုသပေးမည့်ဆရာဝန် ဒေါက်တာဦးအောင်အောင်ဦး၊ ဦးကျော်စိုးမိုး၊ ဦးထင်လင်းနှင့် ကျန်းမာရေးဝန်ထမ်း ၂၈ ဦး စုစုပေါင်း ၁၇၀ တို့က ကွင်းဆင်းကုသမှုများ ဆောင်ရွက်ခဲ့ကြသည်။

ကုသမှုတွင် ကျေးရွာရှိ လူနာ ၁၃၀ ကို ခရိုင်မိခင်နှင့်ကလေးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက စုစုပေါင်း တန်ဖိုးငွေကျပ် ၅၀၀၀၀ ရှိသည့် ခေါက်ဆွဲခြောက်ထုပ်၊ ကြက်ဥ၊ အိုင်အိုဒင်းဆားတို့ကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဒီရေတောများ ပြန်လည်ထူထောင်ရေးကို JICA နှင့် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကြိုးဝိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) တို့ပူးပေါင်း၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဒီရေတောများ ပြန်လည်ထူထောင်ရေးစီမံချက် (Mangrove Rehabilitation Plan for Enhancement of Disaster Prevention in the Ayeyarwady Delta) စီမံကိန်းကို ဂျပန်နိုင်ငံ၏ ထောက်ပံ့ငွေ ယန်း ၅၈၃ သန်းဖြင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၇ခုနှစ် ဒီဇင်ဘာလအထိ လေးနှစ်ဆောင်ရွက်မည်ဖြစ်သည်။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ၂၀၁၂ ခုနှစ် ဩဂုတ် ၃ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့အကြား အကူအညီပေးရေးသဘောတူညီချက် (Grant Agreement) ကိုလက်မှတ်ရေးထိုးခဲ့သည်။ သဘောတူညီချက်အရ သစ်တောဦးစီးဌာနသည် စီမံကိန်းဒီဇိုင်းရေးဆွဲခြင်း၊ တင်ဒါခေါ်ယူခြင်း၊ ကြီးကြပ်စစ်ဆေးခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံအခြေစိုက် Kokusai Kogyo Co.,Ltd နှင့် ဝန်ဆောင်မှုသဘောတူညီချက်ကို ၂၀၁၃ ခုနှစ် မတ် ၁၈ ရက်တွင် လည်းကောင်း၊ စီမံကိန်းလက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဂျပန်နိုင်ငံအခြေစိုက် Hazama Ando Corporation နှင့် လုပ်ငန်းကန်ထရိုက်စာချုပ်ကို အောက်တိုဘာ ၇ ရက်တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး စီမံကိန်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းသဘောတူညီချက်အရ ဒီရေတောစိုက်ခင်း ဧက ၂၈၅၀ တည်ထောင်ခြင်း၊ သစ်တောထိန်းသိမ်းရေးမျှော်စင်ပါ မုန်တိုင်းဒဏ်ခံအဆောက်အအုံတစ်လုံးဆောက်လုပ်ခြင်း၊ စီမံကိန်းအထောက်အကူပြုယာဉ်၊ယန္တရားများနှင့် လုပ်ငန်းသုံးပစ္စည်းများပံ့ပိုးခြင်း၊ ဒီရေတောစီမံအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲခြင်းနှင့် စီမံကိန်းဆောင်ရွက်မှုကြောင့် ရေနေဇီဝမျိုးစုံ မျိုးကွဲများ၏ မျိုးစိတ်နှင့် ဦးရေတိုးတက်ပြောင်းလဲမှုများအား ဆန်းစစ်နိုင်ရန်အတွက် စီမံကိန်းဧရိယာပတ်ဝန်းကျင်တွင် ရေနေသတ္တဝါများ စာရင်းကောက်ယူလေ့လာခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမျိုးသမီးကင်းထောက်သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်)၏ ညွှန်ကြားမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာရေး ၁၉ ကျောင်း၌ အမျိုးသမီးကင်းထောက်သင်တန်းဖွင့်ခွင့်ရရှိရာ မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စန္ဒီမာခန်းမ၌ အမျိုးသမီးကင်းထောက်သင်တန်းကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီခွဲက ဖွင့်လှစ်နိုင်ခဲ့သည်။

ဤသင်တန်းတွင် မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ ဆဋ္ဌမတန်းကျောင်းသူ ၅၂ ဦး တက်ရောက်သင်ကြားခွင့်ရရှိပြီး သင်တန်းမှူးအဖြစ် အထက(၁)ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေး၊ သင်တန်းကြီးကြပ်ရေးမှူး ဒေါ်နီနီစမ်းနှင့်နည်းပြဆရာမငါးဦးတို့က ဒီဇင်ဘာ ၂၄ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းချိန်မှာ နေ့စဉ်နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီအထိဖြစ်သည်။

သင်တန်းသို့ တက်ရောက်သင်ကြားခွင့်ရသော ကျောင်းသူများသည် (အပေါ်ဖြူအောက်ခံအပြာ) တူညီသောကင်းထောက်ဝတ်စုံဝတ်ဆင်ထားကြသော်လည်း စစ်ပညာသင်ကြားပေးခြင်းမဟုတ်၊ မည်သည့်အဖွဲ့အစည်းပါတီတို့နှင့်လည်းမသက်ဆိုင်၊ ဆဋ္ဌမတန်းအရွယ်အမျိုးသမီးငယ်များ နောင်အနာဂတ်ဘဝရှေ့ရေး ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လာစေရန်"စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"ဟူသော ဆောင်ပုဒ်နှင့်အညီ မိမိကိုယ်မိမိ အားကိုးလိုစိတ်ရှိခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ သွက်လက်ဖျတ်လတ်ခြင်း၊ သင်ကြားသင်ယူမှုနားလည်ခံယူတတ်ခြင်းတို့အပေါ် အဆင်သင့်ဖြစ်နေစေရန် လူမှုရေးတာဝန်သက်သက်ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၁၅)**



## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မြစ်ကြီးနား ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၀ ရက် ညနေ ၅ နာရီခန့်က မူးယစ်ဆေးဝါးသတင်းအရ ဝိုင်းမော်မြို့နယ်ရဲစခန်းမှ ဒုရဲအုပ်မျိုးဝင်းနိုင် ဦးစီးသောအဖွဲ့နှင့်နယ်မြေခံတပ်မှ ဗိုလ်ကြီးရဲခင်ညွှန့် ဦးစီးသောအဖွဲ့သည် သက်သေများနှင့်အတူ သတင်းအရစောင့် ဆိုင်းနေစဉ် ဆဒုံးမှ ဝိုင်းမော်ဘက်သို့ ယာဉ်မောင်းဦးအိုက်တူး(၄၅ နှစ်)၊ ရမ်ပူရပ်ကွက် မြစ်ကြီးနားမြို့နေသူမောင်းနှင်လာသည့် ကင်ဘိုဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ကယ်ရီခုံနောက်တွင် တင်ဆောင်လာသည့် တီဗွီအတွင်း သို့ဝှက်သယ်ဆောင်လာသည့် ဘိန်းဆီခဲဟုယူဆရသော အလေးချိန်ဂရမ် ၁၈၀၀၊ ကာလတန်ဖိုးငွေကျပ် ၈၁ သိန်းကို ဖမ်းဆီးရမိပြီး ပြစ်မှုကျူးလွန်သူအား ဝိုင်းမော်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## နိုင်ငံတကာအားကစားသတင်း

### ပရီမီယာလိဂ်ပွဲစဉ်နှင့် ရပ်တည်မှု သီဟ

**အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်-၁၈ ဒီဇင်ဘာ ၂၆**

| | | | | |
|---|---|---|---|---|
| ဟားလ်စီးတီး | - | မန်ယူ | ည ၇း၁၅ | ( - ) |
| အက်စ်တွန်ဗီလာ | - | ပဲလေ့စ် | ည ၉း၃၀ | ( - ) |
| ကာဒစ်ဖ် | - | ဆောက်သမ်တန် | ည ၉း၃၀ | ( - ) |
| ချယ်လ်ဆီး | - | ဆွမ်ဆီး | ည ၉း၃၀ | (ယခင်နှစ် ၂-၀) |
| အဲဗာတန် | - | ဆန်းဒါးလန်း | ည ၉း၃၀ | (ယခင်နှစ် ၂-၁) |
| နယူးကာဆယ် | - | စတုတ် | ည ၉း၃၀ | (ယခင်နှစ် ၂-၁) |
| နော့ဝှစ်ချ် | - | ဖူလ်ဟမ် | ည ၉း၃၀ | (ယခင်နှစ် ၀-၀) |
| စပါး | - | ဝက်စ်ဘရွန်း | ည ၉း၃၀ | (ယခင်နှစ် ၁-၁) |
| ဝက်စ်ဟမ်း | - | အာဆင်နယ် | ည ၉း၃၀ | (ယခင်နှစ် ၁-၃) |
| မန်စီးတီး | - | လီဗာပူး | ည ၁၂း၀၀ | (ယခင်နှစ် ၂-၂) |

**အင်္ဂလန်ပရီမီယာလိဂ် ရပ်တည်မှုဇယား**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | လီဗာပူး | ၁၇ | ၁၁ | ၃ | ၃ | ၃၆ |
| ၂ | အာဆင်နယ် | ၁၇ | ၁၁ | ၃ | ၃ | ၃၆ |
| ၃ | မန်စီးတီး | ၁၇ | ၁၁ | ၂ | ၄ | ၃၅ |
| ၄ | ချယ်လ်ဆီး | ၁၇ | ၁၀ | ၄ | ၃ | ၃၄ |
| ၅ | အဲဗာတန် | ၁၇ | ၉ | ၇ | ၁ | ၃၄ |
| ၆ | နယူးကာဆယ် | ၁၇ | ၉ | ၃ | ၅ | ၃၀ |
| ၇ | စပါး | ၁၇ | ၉ | ၃ | ၅ | ၃၀ |
| ၈ | မန်ယူ | ၁၇ | ၈ | ၄ | ၅ | ၂၈ |
| ၉ | ဆောက်သမ်တန် | ၁၇ | ၆ | ၆ | ၅ | ၂၄ |
| ၁၀ | စတုတ်စီးတီး | ၁၇ | ၅ | ၆ | ၆ | ၂၁ |
| ၁၁ | ဆွမ်ဆီး | ၁၇ | ၅ | ၅ | ၇ | ၂၀ |
| ၁၂ | ဟားလ်စီးတီး | ၁၇ | ၅ | ၅ | ၇ | ၂၀ |
| ၁၃ | အက်စ်တွန်ဗီလာ | ၁၇ | ၅ | ၄ | ၈ | ၁၉ |
| ၁၄ | နော့ဝှစ်ချ် | ၁၇ | ၅ | ၄ | ၈ | ၁၉ |
| ၁၅ | ကာဒစ်ဖ် | ၁၇ | ၄ | ၅ | ၈ | ၁၇ |
| ၁၆ | ဝက်စ်ဘရွန်း | ၁၇ | ၃ | ၇ | ၇ | ၁၆ |
| ၁၇ | ဝက်စ်ဟမ်း | ၁၇ | ၃ | ၅ | ၉ | ၁၄ |
| ၁၈ | ခရစ္စတယ်ပဲလေ့စ် | ၁၇ | ၄ | ၁ | ၁၂ | ၁၃ |
| ၁၉ | ဖူလ်ဟမ် | ၁၇ | ၄ | ၁ | ၁၂ | ၁၃ |
| ၂၀ | ဆန်းဒါးလန်း | ၁၇ | ၂ | ၄ | ၁၁ | ၁၀ |

# ရလဒ်ကောင်းဖို့အပြိုင်နွှဲရဦးမယ့် ချန်ပီယံရှစ်ပွဲစဉ်များ

အင်္ဂလန်လိဂ် ချန်ပီယံရှစ် ဘောလုံးပွဲစဉ်(၂၂)ကို ဒီဇင်ဘာ ၂၆ ရက်မှာ ဆက်လက်ကစားမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ နော်တင်ဟမ်နဲ့ကျူပီအာ၊ ဝက်ဖို့ဒ်နဲ့ မီဝေါလ်၊ လက်စတာနဲ့ ရက်ဒင်းတို့ ပွဲစဉ်တွေအပြင် စိတ်ဝင်စားစရာ ကောင်းတဲ့ပွဲစဉ်တွေက စောင့်ကြို နေပြန်တာမို့ ပရိသတ်တွေ အကြိုက် အသုံးတော်ခံကြဦးမှာ ဖြစ်ပါတယ်။

**နော်တင်ဟမ်နှင့် ကျူပီအာ**

နော်တင်ဟမ်ရဲ့ ခြေစွမ်းက အိမ်ကွင်းမှာဆိုရင် မာကျောတာမို့ ကျူပီအာတို့အတွက် ပွဲကျပ်နေပါတယ်။ နော်တင်ဟမ်ဟာ ကစားအားကောင်းပြီး အသင်းလိုက်စုဖွဲ့မှုလည်း တောင့်တင်းနေတာမို့ ဒီပွဲမှာတော့ အမှတ်ပြည့်ရဖို့အတွက်ပဲ ပုံဖော်ပါလိမ့်မယ်။

**ဝက်ဖို့ဒ်နှင့် မီဝေါလ်**

ဝက်ဖို့ဒ်အတွက် အမှတ်ပြည့်ရယူဖို့ စွမ်းဆောင်မယ့်ပွဲပါပဲ။ ဝက်ဖို့ဒ်ဟာ အိမ်ကွင်းမှာ အနိုင်ရအောင် အားထုတ်တတ်တဲ့အသင်း ဖြစ်ပြီး မီဝေါလ်ရဲ့အဝေးကွင်းခြေစွမ်း ကျဆင်းနေမှုတွေက အိမ်ရှင်အတွက် အခွင့်အရေးကောင်းအဖြစ် အသုံးချနိုင်မယ့် အနေအထားဖြစ်နေပါတယ်။

**လက်စတာနှင့် ရက်ဒင်း**

နှစ်သင်းစလုံးရဲ့စွမ်းအားက တူညီနေတဲ့အသင်းတွေမို့ ရမှတ်ကိုယ်စီ ပိုင်ဆိုင်ဖို့ ကြိုးစားရပါလိမ့်မယ်။ လက်စတာရဲ့ အိမ်ကွင်းခြေစွမ်းက အကောင်းဆုံး အနေအထားမဟုတ်သလို ရက်ဒင်းရဲ့အားထုတ်မှုကလည်း အားရစရာမရှိပါဘူး။ ဒီပွဲဟာ ရလဒ်အတွက်ဆိုရင် ညီမျှခြင်းကျသွားနိုင်တဲ့ အနေအထားလည်း ဆိုက်ရောက်သွားနိုင်ပါတယ်။

**မစ်ဒယ်ဘရော့နှင့် ဘန်လေ**

မစ်ဒယ်ဘရော့တို့ ကစားအားစုစည်းမှုအပိုင်း ကျဆင်းနေပြီး စိတ်ဓာတ်ပိုင်းလည်း အကောင်းဆုံး အနေအထားမရှိပါဘူး။ အင်အားလျော့နည်းပြီး တိုက်စစ်စွမ်းရည်တွေလည်းကျဆင်းနေတာမို့ မစ်ဒယ်ဘရော့ဟာ ဘန်လေကို ခက်ခဲပင်ပန်းစွာရင်ဆိုင်ရဖို့ရှိနေပါတယ်။ အိမ်ရှင်ကိုကြိုက်ပေမယ့် ရလဒ်ပိုင်းအတွက်ကတော့ ဘန်လေတို့ကိုပဲ ယုံကြည်ရမှာ ဖြစ်ပါတယ်။

**ဘလက်ဘန်းနှင့် ရှက်ဖ်ဖီး**

အိမ်ရှင်ဟာ ဒီပွဲအတွက် အနိုင်ရလဒ်ကိုပဲမျှော်မှန်းပြီး ယှဉ်ပြိုင်ပါလိမ့်မယ်။ ရှက်ဖ်ဖီးရဲ့လက်ရှိခြေစွမ်းက ဘလက်ဘန်းကို ခက်ခဲမှုဖြစ်စေမှာတော့ မဟုတ်ပါဘူး။

**မိုးမြင့်လင်းလက်**



## လီဗာပူးနှင့် မန်စီးတီးတွေ့ပြီ

လီဗာပူးအသင်းသည် ခရစ္စမတ်ကာလတွင် ဇယားထိပ်၌ ရပ်တည်ဖွယ်ရှိသော်လည်း Boxing Day ဒီဇင်ဘာ ၂၆ ရက်တွင် ဖလားလုပွဲ စမ်းသပ်မှုအဖြစ် မန်စီးတီးအိမ်ကွင်းသို့ သွားကစားရမည်ဖြစ်သည်။ တတိယနေရာရောက် မန်စီးတီးအသင်းသည် ဇယားထိပ်ရောက် လီဗာပူးနောက်မှ တစ်မှတ်ခွာလိုက်နေရသည်။

မန်စီးတီးတို့ ယခုအထိ ယခုနှစ်ရာသီတွင် အိမ်ကွင်းအနိုင်ရမှု ရာခိုင်နှုန်း အပြည့်ရှိသည်။ ထိပ်သီးငါးသင်းသည် နှစ်မှတ်စီသာကွာခြားသည်။ ဒုတိယနေရာမှ အာဆင်နယ်က ဝက်စ်ဟမ်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ ထို့အတူ စတုတ္ထနေရာရောက် ချယ်လ်ဆီးက ဆွမ်ဆီးကို လက်ခံကစားရမည် ဖြစ်သည်။

## တိုက်စစ်မှူးဒမ်ဆေး ဖူလ်ဟမ်သို့ အငှားလာရောက်ကစားမည်

အမေရိကန်တိုက်စစ်မှူး ကလင့်ဒမ်ဆေးသည် မေဂျာလိဂ်ကလပ်ဆီးယက်တဲယ် ဆောင်းဒါးမှ အသင်းဟောင်းဖူလ်ဟမ်သို့ နှစ်လကြာအငှားသွားရောက် ကစားရမည်ဖြစ်သည်။ **(ဓါတ်ပုံ)**

အသက် ၃၀ ရှိ ဒမ်ဆေးသည် ၂၀၁၃ ခုနှစ်က ဖူလ်ဟမ်မှ စပါးသို့ ပေါင် ၆ သန်းဖြင့် ရောက်ရှိလာသည်။ ဩဂုတ်လတွင် ယင်းမှတစ်ဆင့် အမေရိကန်ကလပ်သို့ ပြောင်းခဲ့သည်။ ဖူလ်ဟမ်အသင်းသည် လက်ရှိ ပရီမီယာလိဂ်တွင် နံပါတ် ၁၉ နေရာ၌ရှိနေပြီး နောက်ဆုံး ၁၀ပွဲတွင် တစ်ပွဲသာလျှင် အနိုင်ရရှိသေးသည်။

## တိုက်စစ်မှူးရွန်းနေ မန်ယူ၏အဓိကကစားသမားဖြစ်လာ

တိုက်စစ်မှူးရွန်းနေသည် မန်ယူ၏ အဓိကတိုက်စစ်မှူးဖြစ်ကြောင်း နည်းပြမိုယက်စ်က ပြောသည်။ ရွန်းနေသည် ပြီးခဲ့သည့် နွေရာသီက အသင်းမှထွက်ခွာရန် အခြေအနေသို့ရောက်ခဲ့သည်။ အသက် ၂၈ နှစ်ရှိ ရွန်းနေသည် ယခုနှစ်ရာသီအတွင်း ၁၀ ဂိုးသွင်းယူပေးခဲ့သည်။

ရွန်းနေသည်ကိုယ်တိုင်လည်း ဂိုးများသွင်းယူပေးနိုင်သကဲ့သို့ အခြားသော ကစားသမားများကိုလည်း ဂိုးပေါက်ဖန်တီးပေးနိုင်ခဲ့သည်ဟု နည်းပြမိုယက်စ်က ချီးကျူးပြောဆိုသည်။ ရွန်းနေသည် ရှိုင်ယန်ဂစ်ကဲ့သို့ မန်ယူ၏ အဓိက ကစားသမားဖြစ်လာလိမ့်မည်ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

**ကောင်းမြတ်သူ-စုစည်းသည်**


**မြစ်ကြီးနားတက္ကသိုလ်**
**(၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခွင့်လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

မြစ်ကြီးနားတက္ကသိုလ်၏ (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးခွင့်လုပ်ငန်းလုပ်ကိုင်လိုသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်ဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဤတက္ကသိုလ်ငွေစာရင်းဌာနတွင် ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဝယ်ယူဖြည့်စွက်၍ ၃၁-၁၂-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတိတိ နောက်ဆုံးထား တင်သွင်းရမည်။

၂။ တင်ဒါတင်သွင်းသူသည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၏ မိမိနယ်မြေအတွင်း နေထိုင်သူဖြစ်ကြောင်းနှင့် ဓာတ်ပုံနှင့် ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ကြောင်း ထောက်ခံစာ (လုပ်ငန်းလိုင်စင်အပါအဝင်) ပါရှိရမည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၂၄၀၀၅၃၃၊ ၀၉-၄၄၀၀၀၄၈၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ဓာတ်ပုံနှင့်ဗီဒီယိုကြီးကြပ်ရေးကော်မတီ**
**မြစ်ကြီးနားတက္ကသိုလ်**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းအထူးအဖွဲ့(၂)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကြိမ်ပင်ဆည်-စက္ကော့-ခနုဖြူ-ဇလွန်လမ်း လုပ်ငန်းဆောင်ရွက်ရန် လမ်းခင်းကျောက်ရွယ်စုံကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် လမ်းခင်းကျောက်များ၏ အရေအတွက်အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး လေယာဉ်ကွင်းအထူးအဖွဲ့(၂) အောင်ဇေယျတံတားဝင်း အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၄၄၃၇၀ တွင် ၁-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၁-၂၀၁၄ရက် ၀၈း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၁-၂၀၁၄ရက် ၀၉း၃၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ကြိမ်ပင်ဆည်-စက္ကော့-ခနုဖြူ-ဇလွန်လမ်း မိုင် (၄/၂)၊ လေယာဉ်ကွင်းအထူးအဖွဲ့(၂) လုပ်ငန်းခွင်စခန်းရုံး၊ ညောင်တုန်းမြို့။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



**မွေးနေ့ဆုတောင်း**

၂၆-၁၂-၂၀၁၃ရက်တွင်ကျရောက်သော ချစ်သားလေး မောင်ဖုန်းဇင်မြတ်(ခ) မောင်မျိုးထက်ဟန်၏ မွေးနေ့ရက်မှသည် နောင်နှစ်ပေါင်း ၁၀၀ကျော်တိုင် ချစ်သော ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ ဦးဦး၊ ဒေါ်ဒေါ်၊ ညီမလေးနှင့်အတူ ကျန်းမာချမ်းသာစွာနှင့် အများအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးထမ်းဆောင်နိုင်သည့် သားကောင်းရတနာဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ချစ်သော ဘိုးဘိုး၊ ဘွားဘွား**
**ဖေဖေ ဦးစိန်ဝင်း - မေမေ ဒေါ်အေးအေးသန်း**
**ညီမလေး-သီရိသံစဉ်**






**ချစ်သားငယ်**
**ဗိုလ်ထက်နိုင် (D.S.M.A)၏**

ဒီဇင်ဘာ ၂၆ရက်တွင် ကျရောက်သော မွေးနေ့မှသည် အသက်ထက်ဆုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် ဘဝရည်မှန်းချက် အထွတ်အထိပ်သို့ ဆန္ဒစွမ်းအား၊ စိတ်စွမ်းအား၊ ဝီရိယစွမ်းအား၊ ပညာစွမ်းအားများဖြင့်သာမက လောကဓံကို ကြံ့ကြံ့ခံရဲသည့် သတ္တိစွမ်းအားများဖြင့် အရောက်တက်လှမ်းနိုင်ပါစေ-

**မေမေ ဒေါ်မြင့်စိန်**
**စိန်စုစု ပရိဘောဂနှင့် ပြည့်စုံ(ပရိဘောဂ)**



**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ လူနေရပ်ကွက်အမှတ် သမိုင်း၊ မြေကွက်အမှတ် ၁၆/က$^{၂-၄}$၊ မြေဧရိယာ ၀ဒသမ၀၇၉ဧက အကျယ်အဝန်းရှိ မြေပိုင်မြေ B.အိမ်ရာမြေ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ (၆)ရပ်ကွက်၊ ၁၉ · Avenue၊ အမှတ် ၁၉(A3)ဟုခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူများဖြစ်သော ဦးမျိုးဝင်းခေါင် ၁၂/စခန(နိုင်)၀၂၁၇၉၂နှင့် ဒေါ်ခင်စောဝေ ၁၂/စခန(နိုင်) ၀၂၁၈၃၆တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်ကျော်မြတ် (စဉ်-၂၇၀၀၉)**
**ဦးထွန်းထွန်းနိုင် (စဉ်-၃၅၅၃၄)**
**ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂)**
**ဒေါ်လဲ့လဲ့ဝင်း (စဉ်-၃၉၈၈၀)**
**ဒေါ်သဇင်အေး (စဉ်-၄၁၄၅၉)**
**ဒေါ်ရည်မွန်ထက် (စဉ်-၄၃၀၆၂)**
**အထက်တန်းရှေ့နေများ**

**ဒေါ်လှလှလွင် (စဉ်-၅၇၇၃)**
**ဒေါ်လွင်မာ (စဉ်-၈၉၀၉)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၅၅)၊ ဒုတိယထပ်၊**
**အခန်း (၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈**

# စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာန၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

**စွမ်းအင်ဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေ**

၁။ **ကျောက်ဖြူမြို့နယ် ဂြင်ကြီးကျေးရွာအုပ်စု ကပိုင်ချောင်းကျေးရွာတွင် ပင်လယ်ဖြတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းဖောက်လုပ်မှုကြောင့် ပျက်စီးသွားသည့် Mangrove ပင်များ ပြန်လည်စိုက်ပျိုးရန် Punj Lloyd Ltd မှ သန်းကြွယ်ကုမ္ပဏီအား တာဝန်ပေးလုပ်ကိုင်စေကြောင်း၊ Mangrove ပင်များ၊ စိုက်ပျိုးပြီးဖြစ်သော်လည်း Punj Lloyd Ltd မှ ငွေပေးချေခြင်းမရှိသဖြင့်** လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန် ကျောက်ဖြူမြို့နယ် ဂြင်ကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ အကူအညီတောင်းခံလာမှုအပေါ် စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီမှ Punj Lloyd Ltd ကုမ္ပဏီသို့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခဲ့ရာ Punj Lloyd Ltd ကုမ္ပဏီမှ စိစစ်ပြီး သန်းကြွယ်ကုမ္ပဏီသို့ပေးရန်ငွေကျပ် ၂၄၀၀၀၀၀. ၀၀ (ကျပ်သန်းလေးသိန်းတိတိ) ကို ၆-၁၁-၂၀၁၂ ရက်တွင် သန်းကြွယ်ကုမ္ပဏီသို့ လွှဲပေးပြီးဖြစ်ပါသည်။

၂။ **ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူများမှ ဝေါမြို့နယ် ဝိုင်ချောင်းရိုးကိုဖြတ်၍ သွယ်တန်းထားသော ဓာတ်ငွေ့ပိုက်လိုင်းအား ချောင်းရိုး၏ မျက်နှာပြင်အထိ နိမ့်ချ၍ပြုပြင်သွယ်တန်းပေးပါရန်** အကြောင်းကြားမှုနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူများမှ အဆိုပါဒေသသို့ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ အဆိုပါပိုက်လိုင်းသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကုန်းတွင်းသဘာဝဓာတ်ငွေ့များကို စစ်တောင်းစက္ကူစက်ရုံသို့ ပေးပို့ရန်ရည်ရွယ်၍ ၁၉၉၃ ခုနှစ်တွင် ဆက်သွယ်ထားခြင်းဖြစ်ပြီး စတင်ဆက်သွယ်ခင်းကျင်းစဉ်က ရိုး၏ကြမ်းပြင်တွင် ခင်းကျင်းခဲ့သော်လည်း ချောင်းရိုးပြုပြင်မှုကြောင့် ပိုက်လိုင်းမှာ ရိုး၏ကြမ်းပြင်ထက် လေးပေခန့်မြင့်တက်သွားရခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ ရှိရပါသည်။ အဆိုပါတိုးကြောင်ကလေး-စစ်တောင်း ၁၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ ဝိုင်ချောင်းရိုးကိုဖြတ်သွားသော သုံးနေရာအား ယခုနှစ် ပွင့်လင်းရာသီ၌ စက်ယန္တရားများ ဝင်ထွက်သွားလာနိုင်သည့်အချိန်တွင် ပိုက်လိုင်းများအား ပြန်လည်ဖြုတ်သိမ်းပေးသွားမည်ဖြစ်ပါသည်။

၃။ **ရန်ကုန်ဒေသကြီး ထန်းတပင်မြို့နယ် ပြည်သူများမှ ရိုးခွကျေးရွာ**

## ဌာနဆိုင်ရာကြေညာချက်နှင့်ကြော်ငြာ

**ရေနံမြေအား ရေနံတွင်းသစ်ရှာဖွေရေး၊ တူးဖော်ရေးအစီအစဉ်/ရှိ မရှိ**သိရှိလိုကြောင်း မေးမြန်းလာမှုနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် လုပ်ကွက်များအား ဘူမိဗေဒအနေအထား၊ ဘူမိရုပ်ဝန်းတည်ရှိနေမှုတို့အပေါ် မူတည်၍ လုပ်ကွက်နယ်နိမိတ်ဧရိယာများ သတ်မှတ်ထားရှိပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံခြားကုမ္ပဏီများနှင့်လည်း အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဘူမိအနေအထားနှင့် ဘူမိရုပ်ဝန်းတည်ရှိမှုအရ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရိုးခွကျေးရွာအုပ်စုသည် Block MOGE -6 (အင်းတိုင်ဒေသ) လုပ်ကွက်တွင် ပါဝင်ပါသည်။

**ဖြေကြား**

အဆိုပါဒေသတွင် မြေပေါ်ဘူမိဗေဒကွင်းဆင်းတိုင်းတာမှုမှတ်တမ်းများအရလည်းကောင်း၊ စမ်းသပ်တူးဖော်မှုများအရလည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တည်ရှိမှု အလားအလာနည်းပါးသောကြောင့် ရေနံတွင်းသစ်များ တူးဖော်ရန်အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့တွင် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်လျှောက်ထားလာသည့်** ကိစ္စနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

# မင်းကွတ်သီးအစွမ်း အံ့မခန်း

**လပြည့်သော်တာ**

မင်းကွတ်သီးကို အာရှတွင် သစ်သီးတို့၏ မိဖုရားဟုလည်းကောင်း၊ ပြင်သစ်တွင် ဘုရားသခင်၏အာဟာရဟုလည်းကောင်းစသည်ဖြင့် တင်စားခေါ်ဆိုကြပါသည်။ မင်းကွတ်ပင်သည် ပူအိုက်စွတ်စိုသော ရာသီဥတုကို ကြိုက်နှစ်သက်ကာ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့တွင် ရှင်သန်ပေါက်ရောက်သည်။ မင်းကွတ်ပင်၏ မူလအစသည်မာလာယုကျွန်းဆွယ်မှဖြစ်ပြီး နေရာအနှံ့ ပျံ့နှံ့ကာ ရှေးယခင်ကပင် အရှေ့တောင်အာရှနိုင်ငံများတွင် မင်းကွတ်သီးကို စားသုံးခဲ့ကြသည်။ ထိုမျှသာမက တိုင်းရင်းရိုးရာဆေးဝါးအဖြစ်လည်း အသုံးပြုခဲ့ကြောင်း သိရသည်။

မင်းကွတ်သီးတွင် ကစီဓာတ်၊ အမျှင်ဓာတ်၊ဗိုက်တာမင်၊သတ္တုဓာတ်၊ စစ်ထရစ်အက်စစ်၊ ပေါ်လီဖီနော၊ အက်စစ်တစ် အက်စစ်၊ ဟိုက်ဒရိုစစ်ထရစ် အက်စစ်များ ကြွယ်ဝစွာပါသောကြောင့် ဖက်တီးအက်စစ်ကို နှိမ်နင်းနိုင်ပြီးကိုလက်စထရောပမာဏကို လျော့ကျစေကြောင်း သိရသည်။

ရင်ပူခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ ခန္ဓာကိုယ်အနံ့အပူဖု၊ အပူနာများ ပေါက်ခြင်း၊ မီးယပ်အဖြူဆင်းခြင်း၊မီးယပ်သွေးဆင်းလွန်ခြင်းစသည့် အပူဓာတ်လွန်ကဲမှုကြောင့် ဖြစ်တတ်သော ဝေဒနာများအတွက် မင်းကွတ်သီးကို အပူငြိမ်းသည်းခြေဆေးအဖြစ် မှီဝဲစားသုံးနိုင်ကြောင်း သိရသည်။ မူးဝေခြင်း၊ မောပန်းနွမ်းနယ်ခြင်းကို ပြေပျောက်စေကာ အားသစ်လောင်းနိုင်ခြင်း၊ ခန္ဓာကိုယ်အတွင်း ရေဓာတ်ဆုံးရှုံးခြင်းကို ကာကွယ်နိုင်ခြင်း၊ ရောင်ရမ်းမှုအမျိုးမျိုးကို တွန်းလှန်နိုင်ခြင်း၊ အယ်လ်ဇိုင်းမားရောဂါ၊ စိတ်ကစဉ့်ကလျားရောဂါ၊ စိတ်ကျရောဂါ၊ ခေါင်းတစ်ခြမ်းကိုက်ခြင်းရောဂါများကို ကာကွယ်ပေးပြီး အဝလွန်သူများနှင့် ကိုယ်အလေးချိန်လျှော့ချလိုသူများ စားသုံးရန် သင့်လျော်ပါသည်။မင်းကွတ်သီးတွင် အစာချေစနစ်ကို ကောင်းမွန်စေခြင်း၊ ဝမ်းချုပ်ခြင်းကို ကာကွယ်နိုင်ခြင်း၊ အိုမင်းမှုကို တားဆီးနိုင်စွမ်းရှိခြင်း၊ ကင်ဆာကို သက်သာစေခြင်း အစွမ်းများရှိကြောင်း သိရသည်။



ထို့အပြင် ကိုယ်ခံစွမ်းအားကို တိုးတက်ကောင်းမွန်စေပြီး မှိုရောဂါများ ကူးစက်ခြင်းမှ ကာကွယ်ပေးပြီး အထူးသဖြင့်အဆုတ်နာ၊ တီဘီရောဂါများမှ ဘက်တီးရီးယားပိုးမွှားများ ပြန့်ပွားလာမှုကို တားဆီးဟန့်တားပေးကြောင်း သိရသည်။

မင်းကွတ်သီးသည် ဓာတ်မတည့်သူများကို မဖြစ်ပေါ်စေဘဲ ကိုယ်အင်္ဂါအဖွဲ့အစည်းများအတွက် ကောင်းမွန်သောအာနိသင်ရှိသောကြောင့် နေ့စဉ်ဖြည့်စွက်စာအဖြစ် စားသုံးသင့်ကြောင်း အမေရိကန်နှင့် ကနေဒါနိုင်ငံတို့တွင် အနှစ်နှစ်ဆယ်ကျော်ကြာဆေးပညာအတွေ့အကြုံရှိသည့် ဂျေဖရက်ဒရစ်တန်ပယ်လ်မန် (J.Frederic Templeman) ဆိုသည့် သမားတော်တစ်ဦးက အတည်ပြုထားသည်။ ဆီးချိုရောဂါ၊ သွေးအားနည်းခြင်း၊ သွေးတိုးခြင်း၊ သွားနှင့် သွားဖုံးရောဂါတို့ အတွက်လည်း ကောင်းကျိုးဖြစ်စေသည်။

မင်းကွတ်သီးအရည်သည် သွေးလွှတ်ကြောပိတ်ဆို့ခြင်း၊ သွေးတိုးခြင်းနှင့် သွေးခဲပိတ်ခြင်းအပါအဝင် နှလုံးသွေးကြောများ မာကျောကျစ်လျစ်ခြင်းစသောနှလုံးသွေးကြောဆိုင်ရာရောဂါအမျိုးမျိုးအတွက် အသုံးဝင်ပါသည်။ အသားအရေပျက်စီးခြင်း၊ ခြေဖနောင့်ကွဲခြင်းနှင့် ခြေသလုံးသားပပ်ကြားအက်ခြင်းတို့အတွက် မင်းကွတ်သီးအဆီလိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။

မိတ်၊ အင်ပျဉ်ကဲ့သို့ အရေပြားပေါ်တွင်အဖုအပိမ့်အနီကွက်ထခြင်း၊ အပူလောင်ခြင်းနှင့် အရေပြားပေါ်ရှိ ထိခိုက်ဒဏ်ရာများကို မင်းကွတ်သီးအနှစ်သားဖြင့် လိမ်းပေးနိုင်သည်။

ကိုယ်ပူကြီးခြင်း၊ မှက္ခရုနာနှင့် ဝမ်းသွားခြင်းအတွက် မင်းကွတ်သီးအရွက်နှင့် အခေါက်ပြုတ်ရည်တို့ကို သောက်သုံးပေးသင့်ကြောင်း သိရသည်။

အသီးခွံ တန်နင်း(Tannis) နှင့် ဇန်သုန်း (Xanthones) ခေါ် ဓာတုဓာတ်ပေါင်းများပါရှိကြောင်း သိရသည်။ မင်းကွတ်သီးအခွံသည် အရေပြားနှင့်ဆိုင်သောရောဂါများဖြစ်သည့် မှက္ခရုနာ၊ နှင်းခူစသည့်အနာများ၊ အနီအစက်အပြောက် ကလေးများ၊ မိတ်ထွက်ခြင်းနှင့် အင်ပျဉ်ရောဂါတို့အတွက် လိမ်းဆေးအဖြစ်လည်းကောင်း၊ အနာမရင်းစေရန် ပိုးသတ်ဆေးအဖြစ်လည်းကောင်း၊ သဘာဝအလျောက်သွေးကြောပိတ်ဆို့မှုများအား ဟန့်တားနိုင်စွမ်းရှိကြောင်းနှင့် အသက်ကြီးသူများတွင် အဖြစ်များသော အရိုးအဆက်ယိုယွင်းရောင်ရမ်းခြင်းများအတွက်လည်းကောင်း အသုံးဝင်သည်။

မင်းကွတ်သီးအခွံပြုတ်ရည် သောက်သုံးခြင်းဖြင့် အမျိုးသမီးများတွင် အဖြစ်များသော ဆီးမကြာခဏသွားခြင်း၊ ဆီးအိမ်ရောင်ခြင်း၊ ဆီးပူညောင်ကျခြင်း၊ ဆီးကျောက်တည်ခြင်းနှင့် ကာလသားရောဂါများကို အစွမ်းထက် သက်သာပျောက်ကင်းစေသည်။ ထို့အပြင် ကွဲရှနာများအတွက် သွေးတိတ်စေရန်အတွက်လည်းကောင်း၊မျက်စိအတွင်းတိမ်နှင့် ရေတိမ်ဖြစ်ခြင်းအတွက်လည်းကောင်း အသုံးဝင်သည်။ အခွံကို အခြောက်လှန်း အမှုန့်ကြိတ်၍ လည်းကောင်း၊ တစ်ညသိပ်ရေစိမ်၍ လည်းကောင်း၊ သောက်သုံးပေးခြင်းဖြင့် ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါကို ပျောက်ကင်းစေကြောင်း သိရသည်။ အခွံကို ပါးပါးလှီး၍နေလှန်းအခြောက်ခံကာ လက်ဖက်ခြောက်ကဲ့သို့ ရေနွေးတွင်ခပ်သောက်ခြင်းဖြင့် ဆီးရောဂါများကို သက်သာပျောက်စေနိုင်သည်။မှက္ခရု၊ နှင်းခူစသည့်အနာများ၊ မိတ်ထွက်ခြင်းနှင့် အင်ပျဉ်ရောဂါများအတွက် လိမ်းဆေးအဖြစ် အသုံးပြုနိုင်သည်။

မင်းကွတ်သီးကို နို့ရည်၊သကြားတို့နှင့် တွဲဖက်၍မစားသင့်ပါ။ ဒူးရင်းသီးစားပြီးနောက် မင်းကွတ်သီးကို စားခြင်းဖြင့် အပူအအေးကို မျှတစေပါသည်။

အစာလည်းဆေး ဆေးလည်းအစာဆိုသကဲ့သို့ မင်းကွတ်သီးကို ကျန်းမာရေး အထောက်အကူပြုသဘာဝအဟာရအစာအဖြစ်စားသုံးသင့်ကြောင်း ဝေမျှလိုက်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်/ကောလိပ်များ၏
## ဒသမအကြိမ်မြောက် B.E/B.Arch နှင့် B.Tech ဘွဲ့အတွက်
## ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်၊ ကောလိပ်များ၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ကောလိပ်များ၏ ဘွဲ့နှင်းသဘင်ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း** - ၈-၂-၂၀၁၄ရက် (စနေနေ့) နံနက် ၉း၀၀ နာရီ

**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၉-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက် ဘွဲ့ယူနိုင်သည်-

စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်၊ ကောလိပ်များတွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) တက်ရောက်ဘွဲ့ - B.E/B.Arch/B.Tech ဘွဲ့အတွက် -၁၅၀၀ိ/ (ကျပ်တစ်ထောင့်ငါးရာတိတိ)

(ခ) အဝေးရောက်ဘွဲ့ - B.E/B.Arch/B.Tech ဘွဲ့အတွက်- ၁၀၀၀ိ/ (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ဓာတ်ပုံငါးပုံ (ဓာတ်ပုံ၏အောက်တွင်မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၃၀-၁၂-၂၀၁၃ရက်မှစ၍မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်/ကောလိပ်များရှိကျောင်းသားရေးရာဌာနများတွင်ဝယ်ယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ၁၇-၁-၂၀၁၄ရက်(သောကြာနေ့)နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ယူကြမည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါအကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသောဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်းထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်။** ။အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါကသက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ကောလိပ်များရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

**စက်မှုနှင့်သက်မွေးပညာဦးစီးဌာန**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကုန်းလမ်းပို့ဆောင်ရေး၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲရှိ မြေ ၂ဒသမ ၄၁ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းများ ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့် ရက်/အချိန်** - ၂၄-၁-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၈း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ

**တင်ဒါစိစစ်မည့်နေရာ** - မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အောင်ဆန်းခန်းမ

**တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - ၂၄-၁-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ခရီးသည်ပို့ဆောင်ရေးဌာနခွဲ၊ မော်လမြိုင်မြို့တွင် ၂၆-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက် ကြည့်ရှုနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**ဖုန်း-၀၅၇-၂၇၀၅၇၊ ၀၉-၄၂၅၂၈၄၇၂၉**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ကုန်းလမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲရှိ မြေ ၁ဒသမ ၄၁ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းများ ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၃၀-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ

**တင်ဒါစိစစ်မည့်နေရာ** - သာယာဝတီခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၃၀-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ် တစ်သောင်းတိတိ)နှုန်းဖြင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ၊ မင်းလှမြို့တွင် ၂၇-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက် ကြည့်ရှုနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**ဖုန်း-၀၅၃-၂၇၁၀၇၊ ၀၉-၄၂၃၆၇၄၄၂၂၊ ၀၉-၂၅၀၁၁၅၃၆၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၉၉၃၁ Htila MK (HL-17) ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဇော် ၉/မထလ(နိုင်)၀၃၄၈၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၅၅၉၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီထွန်း ၅/တမန(နိုင်)၀၈၆၈၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုဘိုင်းစာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန်  ဒီဇင်ဘာ  ၂၅**

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်နှင့်ဝန်ထမ်းများသည် ဒီဇင်ဘာ ၂၁ ရက်က အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းသို့ မိုဘိုင်းစာကြည့်တိုက်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ဦးစီးမှူးဒေါ်လှလှမြင့်က ကျောင်းသားများအား ယနေ့ကျောင်းသား လူငယ်များသည် အမိနိုင်ငံတော်၏ ရရှိထားသော လွတ်လပ်ရေးကိုတန်ဖိုးထားလေးစားရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်၊ ထို့ပြင် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် စာကြည့်တိုက်များကို အသုံးချတတ်ရန်၊ စာကြည့်တိုက်မှ ပညာရပ်မျိုးစုံကို သိနားလည်ပြီး အနာဂတ် နိုင်ငံတော်အတွက် အားထားရသော လူတော်လူကောင်းများဖြစ်ရန် အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ကျောင်းသားများ ဗဟုသုတအဖြာဖြာလေ့လာနိုင်ရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်မှ သုတ/ရသစာအုပ်မျိုးစုံကို သုံးပတ်ကြာငှားရမ်းပေးခဲ့သည်။ ကျောင်းသားများမှ ကျောင်းစာကြည့်တိုက်တွင် စာအုပ်များ လေ့လာဖတ်ရှု၍ နံရံကပ်စာစောင်၊ ဓာတ်ပုံများကိုလည်း စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ကျောင်းစာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **လှလှ**



# မြို့မရပ်ကွက်ကြီး ပရဟိတလူငယ်များ မင်္ဂလာကျုံးမှော်ဆယ်လုပ်အားပေး

**ရမည်းသင်း  ဒီဇင်ဘာ  ၂၅**

ရမည်းသင်းမြို့၏ ကျက်သရေဆောင် ရှေးမြန်မာမင်းများ တူးဖော်ခဲ့သော မင်္ဂလာကျုံးကြီးမှာ ရေများပြည့်နေသော်လည်း ဗေဒါများ၊ ပလတ်စတစ်အမှိုက်သရိုက်များ တစ်ကန်လုံးဖုံးလွှမ်းနေသဖြင့် ကျက်သရေကင်းမဲ့လျက်ရှိသည်။ သို့ဖြစ်၍ မြို့မရပ်ကွက်ကြီး (ဝံသပါလ ပရဟိတ) လူငယ်မောင်မယ်များက မင်္ဂလာကျုံးပတ်လည်ကို အမှိုက်သရိုက်၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကန်တွင်းရှိ ဗေဒါများကို (တတိယအကြိမ်)အင်အား ၇၀ ခန့်က ဗေဒါနှင့်အမှိုက်သရိုက်ဆယ်ယူခြင်းများကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ကုသိုလ်ပြုဆယ်ယူဆောင်ရွက်ကြသည်။ အဆိုပါအဖွဲ့သည် ပြည်သူ့ဆေးရုံသန့်ရှင်းခြင်း၊ ရှမ်းဝိုင်းရပ်၊ ညောင်ပင်ရပ်၊ ပန်းတိမ်ရပ်များရှိ ကိုယ့်အားကိုယ်ကိုး လမ်းခုနစ်လမ်းကို ကျောက်ခင်းခြင်း၊ ရိစာခင်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည်။ ထို့အပြင် မြို့မအုပ်စုရှိ ရပ်ကွက်ခုနစ် ရပ်ကွက်နေပြည်သူတို့၏ သာရေးနာရေးကိစ္စရပ်များတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက် ကုသိုလ်ပြုလျက်ရှိကြောင်း သိရသည်။ **(ဝ၁၁)**

# မြန်မာနိုင်ငံ ရေသယံဇာတနှင့်ငါးမွေးမြူရေး



မြန်မာနိုင်ငံအတွင်းရှိ ပင်လယ်၊ မြစ်ချောင်း၊ အင်းအိုင်များမှ သဘာဝအလျောက် ပေါက်ဖွားလာကြသည့် ရေချိုရေငန်သယံဇာတများဖြစ်သည့် ငါး၊ ပုစွန်များ ထွက်ရှိနေကြသော်လည်း နှစ်စဉ်တိုးတက်လာနေသည့် လူဦးရေနှင့်နှိုင်းယှဉ်ပါက ပြည်တွင်းစားသုံးမှု လုံလောက်နိုင်သော်လည်း နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ပနိုင်ငံများကို တင်ပို့ရောင်းချရခြင်းနှင့်အတူ ငါး၊ ပုစွန်ဖမ်းဆီးခွင့်များကာလ စည်းကမ်း သတ်မှတ်ချက်များဖြင့် ဆောင်ရွက်ရခြင်းတို့ကြောင့် ပြည်တွင်း စားသုံးမှု အခက်အခဲများရှိလာပေသည်။

ယင်းအခက်အခဲများကို ဖြည့်ဆည်းပေးရန်နှင့် ဈေးကွက်စီးပွားရေးအရ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် နိုင်ငံတော်က စီစဉ် ဆောင်ရွက်ပေးလျက်ရှိပေသည်။

ထိုသို့ ဆောင်ရွက်ရေးတွင် ငါးလုပ်ငန်းသင်တန်းကျောင်းများ ဖွင့်ပြီး ငါး၊ ပုစွန်မွေးမြူရေး စာတွေ့လက်တွေ့ သင်ကြားပေးခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်ပြီး ငါးမျိုး မပြုန်းတီးရေးအတွက် မြစ်ချောင်း၊ အင်းအိုင်များအတွင်း ငါးမျိုးစိုက်ထည့်ပေးခြင်း၊ စိုက်ပျိုးပြီး စပါးခင်းများအတွင်း စပါးလည်းသီး ငါးလည်းကြီးဆိုသကဲ့သို့ စပါးခင်းများအတွင်း ငါးမျိုးထည့်သွင်းမွေးမြူစေခြင်းနှင့် ငါးမွေးကန်များ တည်ဆောက်ပြီး နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများဖြင့် စီးပွားဖြစ် ငါး၊ ပုစွန်မွေးမြူရေးတို့ကို ဆောင်ရွက်လျက်ရှိနေကြပေသည်။

စပါးခင်းများအတွင်း ငါးမျိုးထည့်သွင်း မွေးမြူသည့်စနစ်ကို တရုတ်လူမျိုးများက အစောဆုံးစတင် ဆောင်ရွက်ခဲ့ကြောင်းသိရပြီး အောင်မြင်ဖြစ်ထွန်းမှုအပေါ် ယခုအခါ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဖိလစ်ပိုင်နိုင်ငံတို့၌လည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးမွေးမြူသူများ ငါးသားပေါက်များ အခက်အခဲမရှိစေရေးအတွက် ရေချိုငါးမျိုးများကို ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ မအူပင်တလုတ်လှ ငါးသားပေါက်စခန်း၊ မအူပင် အောင်ပင်လယ် ငါးသားပေါက်စခန်း၊ ပန်းတနော်မြို့နယ်အတွင်းရှိ ပသွယ် ငါးသားပေါက်စခန်း၊ ပုသိမ်မြို့ ငါးသားပေါက်စခန်းနှင့် ဟင်္သာတမြို့နယ်ရှိ ဟင်္သာတငါးသားပေါက်စခန်းများတွင် အချိန်မရွေး လိုသလောက် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

လက်ရှိ စီးပွားဖြစ်မွေးမြူကြသော မွေးမြူရေးငါးများမှာ တီလားပီးယား (အနီ၊ အနက်)နှစ်မျိုး၊ ငါးခုံးမ၊ ရွှေဝါ ငါးကြင်းငါးများကို မွေးမြူလျက်ရှိကြောင်း သိရသည်။ ငါးမွေးမြူသူများ အနေဖြင့် ငါးတို့၏နေထိုင်ပုံဓလေ့၊ အစားအသောက်၊ ငါးတို့ကျင်လည်ကျက်စားရာ ရေချို၊ ရေငန်နှင့်ရေအလွှာတို့ကို ခွဲခြားသိရှိထားရန် အထူးလိုအပ်သည်။

ငါးမွေးမြူရာတွင် ကန်ရေအရည်အသွေးနှင့် အစာကျွေးခြင်းကလည်း အဓိကကျသည်။ ငါးကန်ရေ၏ အရည်အသွေးသည် ငါးကြီးထွားနှုန်း၊ ငါးများကျန်းမာရေးနှင့် ငါးရောဂါကျရောက်မှုတို့အတွက် အရေးကြီးလှသည်။ ငါးမွေးကန်၏ အရည်အသွေးကို နေ့စဉ် သို့မဟုတ် ခုနစ်ရက် တစ်ကြိမ် ပုံမှန်စစ်ဆေးရန်လိုအပ်သည်။ လိုအပ်ချက်ရှိပါက ပြုပြင်ပေးရပါမည်။ ငါးမွေးမြူရေးကန်တစ်ကန်၏ ရှိသင့်သော ရေအရည်အသွေးမှာ-

ရေ၏ချဉ်ဖန်နှုန်း PH ၆ မှ ၉ အတွင်း(၇ ဒသမ ၅ မှ ၈ ဒသမ ၅ သည် အကောင်းဆုံး)

ရေ၏အပူချိန် ၂၅ မှ ၃၁ ဒီဂရီစင်တီဂရိတ်သည် အကောင်းဆုံး

ရေကြည်နှုန်း ၁၈ လက်မ တစ်တောင် (၄၅ စင်တီ)

အောက်ဆီဂျင် ၅ မှ ၁၅ မီလီဂရမ်/လီတာ

ငါးများအစာကျွေးရာတွင် ငါးအမျိုးအစားအလိုက် သတ်မှတ်ထားသည့် အစာများကို ငါးအလေးချိန် စုစုပေါင်း၏ လေးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းအထိ ကျွေးရမည်။ နံနက်တစ်ကြိမ်၊ ညနေ တစ်ကြိမ် အချိန်မှန်ကျွေးရမည်။ ငါးသေးများ အစာကျွေးရာတွင် ဖွဲနုကို ဆန်ခါချပြီး ကျွေးသင့်သည်။ ဖွဲနုတွင် ဆန်ကွဲသေးပါသွားပါက ငါးသေးများ အစာမချေနိုင်၍ သေနိုင်သည်။ ငါးများအစာကျွေးရာတွင် ဖွဲနုနှင့် ပဲဖတ်ကို လေးပုံတစ်ပုံဖြင့်ရောကျွေးလျှင်ငါးကြီးနှုန်းကောင်းသည်ဟု သိရသည်။

ငါးမွေးမြူသူများ အနေဖြင့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်းနှင့်အတူ အဆင့်မြင့်မွေးမြူရေးဆိုင်ရာ နည်းပညာများ လေ့လာရန် အထူးလိုအပ်ပါသည်။ မေးပါများ စကားရ၊ သွားပါများ ခရီးရောက်၊ မသိမေး၊ မစင်လျှင်ဆေးဆိုသည့်အတိုင်းသက်ဆိုင်ရာငါးလုပ်ငန်းသင်တန်းကျောင်းများနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့ဖြင့် ဆက်သွယ်ဆောင်ရွက်လျက် မိမိတို့၏ငါးမွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ်ထွန်းအောင်မြင်မှုရအောင် ကြိုးစားရင်းနှင့်အတူ နိုင်ငံတော်သားငါးလိုအပ်ချက်ကို ဝိုင်းဝန်းဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း ရေးသားလိုက်ပါသည်။

**အောင်ဝင်း(ဖျာပုံ)**

# လူကုန်ကူးမှု အန္တရာယ် တစ်မျိုးသားလုံး ဝိုင်းဝန်းကာကွယ်


**ပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်အတွက် Injector (6) Nos (Spare Parts for 50 Ton Rigo Mobile Crane) အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းလွှာနောက်ဆုံးတင်သွင်းရန် နေ့ရက်** - ၁၄-၁-၂၀၁၄ ရက် (အင်္ဂါနေ့)
**အချိန်** - ၁၃း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်းသစ် Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် ၂၆-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉၊ ၀၁-၈၆၁၀၂၃၁ နှင့် ၀၁-၈၆၁၀၂၃၂တို့သို့ စုံစမ်းနိုင်ပါသည်။

**ပစ္စည်းထိန်းချုပ်**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရုံးအမှတ်(၁)၏ မျက်နှာစာနှင့် ဘေးနှစ်ဖက်ဆေးသုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၇-၁၂-၂၀၁၃ရက်မှ ၃၁-၁၂-၂၀၁၃ရက်အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂-၁-၂၀၁၄ရက် ၁၅း၀၀နာရီအတွင်း တင်ဒါအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၀၁၇ နှင့် ၀၆၇-၄၀၇၀၂၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး**
**ရုံးအမှတ်(၁)၊ နေပြည်တော်**



**သူရ(၆၉) ဗသက**

သူငယ်ချင်းများ ပြန်လည်တွေ့ဆုံရန်နှင့် ကျဆုံး၊ ကွယ်လွန်ခဲ့သော သူငယ်ချင်းများအတွက် လှူဒါန်းအမျှပေးဝေခြင်း ၄-၁-၂၀၁၄ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ ဓမ္မအောင်မြေကျောင်းတိုက်တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းအားလုံး တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

၄-၁-၂၀၁၄ ရက် ၁၈း၀ နာရီတွင် မိတ်ဆုံစားပွဲဖြင့် ဧည့်ခံပါမည်။

**ဆက်သွယ်ရန်-**

ကသ-၃၀ သန်းအေး ဖုန်း-၀၉-၄၀၂၅၂၅၃၄၅
ကသ-၁၀၄ ကျော်သိုက် ဖုန်း-၀၉-၅၃၀၀၁၈၂
ကသ-၅၅ သိန်းနိုင် ဖုန်း-၀၉-၅၁၄၆၉၉၃
ကသ-၆၉ ကျော်လှ ဖုန်း-၀၉-၅၂၆၃၀၃၀



**ရွှေဂွန်း နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲ**

ရွှေဂွန်းအထက၊ အလက၊ အမက၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၂-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက ရွှေဂွန်း၌ကျင်းပပြုလုပ်ပါမည်။ အထက်ပါကျောင်းတော်၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျောင်းသူ ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသူ ကျောင်းသားများ မည်သူမဆို တက်ရောက်ကြပါရန်နှင့် အောက်ပါကျောင်းသူ ကျောင်းသားဟောင်းများထံတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ပါသည်။

အရုဏ်ဆွမ်းဆက်ကပ်ပြီး ညစာစားပွဲရှိပါသည်။

**ဆက်သွယ်ရန်**

**ရွှေဂွန်း** - ဒေါက်တာတင်ဝင်းကျော် ဖုန်း-၀၉-၈၇၂၅၆၄၆၊ ဦးတင်ဖေ ဖုန်း-၀၉-၈၇၃၀၉၄၄၊ ဦးသန်းစိုး ဖုန်း-၀၉-၈၇၃၀၁၂၅၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးပုလဲစိုး ဖုန်း-၀၉-၄၉၇၇၂၂၀၅

**ရန်ကုန်** - ဦးတင်အေး ဖုန်း-၀၉-၅၀၁၆၆၇၄၊ဒေါ်စောနွဲ့ ဖုန်း-၀၉-၅၁၈၃၁၂၄၊၀၁-၉၀၀၀၂၄၂၊ဦးမောင်ကြီး ဖုန်း-၀၁-၅၆၉၅၄၃



**လူငယ်(ဗဟို)ဘင်ခရာအဖွဲ့ဝင်ဟောင်းများ**
**အမှတ်စဉ် ၁/၁၉၇၃ မှ ၇/၁၉၈၇**
**ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ**

**နေ့ရက်/အချိန်** - ၂၉-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ
**နေရာ** - ရန်ကင်းပညာရေးကောလိပ်ဓမ္မာရုံမှာ အားလုံးဆုံတွေ့ကြပါစို့။
**ဆက်သွယ်ရန်**

(၁) ကိုကြူလွင် ဖုန်း-၀၉-၄၂၁၀၉၉၅၃၊ (၂) မသီသီ ဖုန်း-၀၉-၄၂၁၀၂၉၁၂၄၊ (၃) မတင်တင်မြတ် ဖုန်း-၀၉-၇၃၀၁၂၃၀၁၊ (၄) ကိုဌေးဝင်း(ရုပ်မြင်) ဖုန်း-၀၉-၅၁၈၅၆၅၇၊ (၅) မကေသီအောင် ဖုန်း၀၉-၇၃၁၅၁၇၈၆၊ (၆)ကိုအောင်ကိုကို(ရန်ကင်း) ဖုန်း-၀၉-၇၃၁၃၃၆၃၉၊ (လိုင်စင်ဓာတ်ပုံနှစ်ပုံယူခဲ့ကြပါ။)

## မိုးညှင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဖော်ဆောင်ရေးအတည်ပြု ညှိနှိုင်းစည်းဝေး

**မိုးညှင်း ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကြီးမှူးပြီး မိုးညှင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖော်ဆောင်ရေး အတည်ပြု ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက မိုးညှင်းမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရုံး အထူးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ယင်းအခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀၀ ကို မိုးညှင်းမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့၊ မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး အထောက်အကူပြုအဖွဲ့မှ အမှန်တကယ်လိုအပ်ပြီး ပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍအလိုက် တင်ပြရာ ကျေးလက်သောက်သုံးရေ ရရှိရန် လုပ်ငန်း(၇)ခုအတွက် ငွေကျပ် ၂၁၂၀၁၅၀၀၊ ကျေးလက် လမ်းတံတား လုပ်ငန်း(၁၂)ခုအတွက် ငွေကျပ် ၃၅၂၂၆၅၀၀၊ ပညာရေးကျောင်းများ ပြင်ဆင်ရန် ကျောင်း ၁၀ ကျောင်းအတွက် ငွေကျပ် ၃၂၅၀၀၀၀၀၊ ကျေးလက်ကျန်းမာရေးလုပ်ငန်းတစ်ခုအတွက် ငွေကျပ် သိန်း ၅၀နှင့် အခြားလုပ်ငန်းနှစ်ခု အတွက် ငွေကျပ် ၃၀၇၂၀၀၀ စုစုပေါင်းငွေကျပ် သိန်း ၉၇၀ကို ဆောင်ရွက်ရန် အတည်ပြုပြီး ကျန်ငွေကျပ်သိန်း ၃၀ ကို မြို့နယ်ဒေသဖွံ့ဖြိုးရေး အထောက်အကူအဖွဲ့များ၏ လိုအပ်မှုများတွင် သုံးစွဲရန် အတည်ပြုဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## ပလက်ဖောင်းပေါ်ကျော်တက် ဓာတ်တိုင်ဝင်တိုက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုကား လမ်းမကြီး၏ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးအနီးတွင် ဒီဇင်ဘာ ၂၄ရက် ညနေ၆နာရီက ဇီဇဝါပန်းအဝိုင်းဘက်မှ စည်ပင်ဧည့်ရိပ်သာဘက်သို့ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသော ၆က/--- စူပါဆလွန်းနက်ပြာ ကားတစ်စီးမဆင်မခြင်မောင်းနှင်မှုကြောင့် လမ်း၏ ညာဘက်ပလက်ဖောင်းပေါ်သို့ကျော်တက်ကာ ကွန်ကရစ်မီးတိုင်ကို ဝင်ရောက်တိုက်မိသောကြောင့် **(အောက်ပုံ)** ယာဉ်၏ ဦးခေါင်းဘယ်ဘက်ကြေမွပြီး ဓာတ်တိုင်အခြေပြုတ်ထွက်ပြီး ယိမ်းယိုင်သွားသည်ကို တွေ့ရသည်။ ယာဉ်မောင်းမှာ အခင်းဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**





## မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးထား

**မြင်းမူ ဒီဇင်ဘာ ၂၅**

၂၀၁၃-၂၀၁၄ ခုနှစ် မြင်းမူမြို့နယ် ကန်ဖျားကျေးရွာအုပ်စုတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားပြီး တောင်သူများဝင်ငွေတိုးစေဖို့ တစ်နှစ်သုံးသီးစား တောင်သူပညာပေးစံပြကွက်ကို စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၎င်းစံပြကွက်ကို ပျော့ရွှံ လျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေဖြင့် ပထမသီးနှံအဖြစ် မိုးကြို ပဲတီစိမ်း ဧက ၁၀၀၊ ဒုတိယ သီးနှံအဖြစ် အစေ့ထုတ်ပြောင်း ၂၅ ဧကနှင့်မိုးပဲတီစိမ်း ၃၅ဧက၊တတိယသီးနှံအဖြစ် ဂျုံ ဧက ၂၀၀ စိုက်ပျိုးထားသည်။ ယခုလက်ရှိအခြေအနေတွင် ဂျုံဧက၂၀၀ ကို နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အတွင်း စိုက်ပျိုးထားသည်။ ဂျုံမျိုးကောင်းမျိုးသန့်များကို တောင်သူများ မျက်ဝါးထင်ထင်တွေ့မြင်နိုင်စေရန်အတွက် တောင်သူဦးကျော်ခင်၏ လယ်တွင် ဂရိတ်ဝေါ (S-39)ဇလုတ်ဂျုံဖြူ(၂)နှင့် မုံရွာဂျုံဖြူ (ဒေသမျိုး)များကို မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်အဖြစ် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ကိုကိုနိုင်(မြင်းမူ)**

## မော်လမြိုင် အထက (၁၀)ကျောင်းဝင်းအတွင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်

**မော်လမြိုင် ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ (သပြေကျောင်းဆောင်)အဟောင်းမှာ ဆွေးမြည့်ပျက်စီးနေသဖြင့် အသစ်ပြန်လည်တည်ဆောက်ရန် ဒီဇင်ဘာ ၂၀ ရက် ညနေ ၃ နာရီက ၎င်းကျောင်းသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်နှင့် မွန်ပြည်နယ် ပညာရေး ညွှန်ကြားရေးမှူး ဦးမင်းထွန်းတင်၊ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးသန့်တို့က ကျောင်းဆောင်သစ်ဆောက်လုပ်မှုကို လိုက်လံကြည့်ရှုခဲ့ကြသည်။

၎င်း ကျောင်းဆောင်သစ်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်မှ ချပေးခဲ့သော ငွေကျပ် သိန်း ၁၂၀၀ ဖြင့် (၃၀× ၁၂၀)ပေ အာရ်စီနှစ်ထပ်ကျောင်းဆောင်သစ်ကို (EXPRESS-235) ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**မှာကြားခဲ့**

၎င်းနောက် ဝန်ကြီးချုပ်က ကျောင်းဆောင်သစ် ခိုင်ခံ့မှုရှိစေရန် ဆောက်လုပ်ရေး ပစ္စည်းများကို စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်သွားရန်လိုကြောင်းမှာကြားခဲ့သည်။

**(လ/၀၁၂)**

**ပြည်တွင်းသတင်းနှင့်ကြော်ငြာ**

## ဖခင်မှ ၁၁ လအရွယ် သားငယ်ကို ရိုက်သတ်မှုဖြစ်ပွား

**မြစ်ကြီးနား ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ဒီဇင်ဘာ ၂၁ ရက်က ဖခင်ဖြစ်သူက သားငယ်အား ရိုက်သတ်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၁ ရက် ညနေ ၆ နာရီခွဲက မိုးညှင်းမြို့ မရမ်းကုန်းကျေးရွာနေ စိုင်းသိန်းစိုး(ခ) အိုက်စိုးသည် မူးယစ်စိတ်ဖောက်ပြန်ကာ သားဖြစ်သူ မောင်ထွန်းမြင့်အောင် (၁၁လ)အား ဆိုင်ကယ်ဖြင့် တင်ဆောင်၍ ထွက်ခွာသွားရာ ဇနီးဖြစ်သူ မလဲ့လဲ့ဝင်းထွန်းက စိတ်မချသဖြင့် ဦးလေးတော်စပ်သူ ဦးထွန်းရီနှင့်အတူ လိုက်ရှာရာ သာယာကုန်းကျေးရွာ သင်္ချိုင်းအနီးတွင် တွေ့ရှိပြီး နေအိမ်သို့ လိုက်ပါရန် ခေါ်ဆောင်သော်လည်း ငြင်းဆို၍ သားဖြစ်သူအား ခြေထောက်နှစ်ချောင်း စုံကိုင်၍ ဆိုင်ကယ်နှင့်ရိုက်လိုက်ရာ မောင်ထွန်းမြင့်အောင်သည် ဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်ကြောင့် လူသတ်မှုကျူးလွန်ခဲ့သူ စိုင်းသိန်းစိုး(ခ) အိုက်စိုး(၂၆ နှစ်)ကို မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးဃံကျ(မြစ်ကြီးနား)**

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**တာချီလိတ် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် အားခေရွာ ရွာလယ်လမ်းမ အမှတ်(၀က-၇/၃၄)ရှိ လော်ပေါ၏နေအိမ်၌ဒီဇင်ဘာ ၂၃ ရက် နံနက် ၇ နာရီက ကျပ်သိန်းပေါင်း ၁၄၅ သိန်းခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၇၀ ၊ ဘိန်းဖြူမှုန့် အလေးချိန် တစ်ဂရမ်၊ ဘိန်းအလေးချိန် ၂၇၀ ဂရမ်နှင့်အိုက်စ်အလေးချိန် ၁၂ ဂရမ် ဖမ်းဆီးရမိကြောင်း သိရသည်။

**စနစ်တကျသိမ်းဆည်း**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃) တာချီလိတ်မှ ရဲအုပ်မြင့်နိုင်ဦး ဦးစီးပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် အားခေရွာ ရွာလယ်လမ်းမနေ လော်ပေါ၏နေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းနှင့်အိပ်ခန်းဘေးနံရံတို့တွင် ဝှက်သိမ်းထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅၅၇၀၊ အလေးချိန် ၅၅၇ ဂရမ် ကာလတန်ဖိုး ငွေကျပ် ၁၃၉ ဒသမ ၂၅ သိန်းခန့်၊ ဘိန်းဖြူမှုန့် အလေးချိန်တစ်ဂရမ်ကာလတန်ဖိုး ငွေကျပ် ၁၅၀၀၀ ခန့်၊ ဘိန်းအလေးချိန် ၂၇၀ ဂရမ် ကာလတန်ဖိုး ငွေကျပ် ၂၇၀၀၀၀ နှင့် အိုက်စ်အလေးချိန် ၁၂ ဂရမ် ကာလတန်ဖိုးငွေကျပ် ၂၇၆၀၀၀ တို့ကို ရှာဖွေတွေ့ရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် စနစ်တကျ သိမ်းဆည်းခဲ့သည်။

အမှုမှုမူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ လော်ပေါ(၅၅ နှစ်)အား တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**အရေးယူဆောင်ရွက်ထား**

အလားတူ မွန်းလွဲ ၁ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ရဲအုပ် ရဲဝင်းထွန်း ဦးစီးပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ တော်ကော့(အတွင်း)ရပ်ကွက်၊ အောင်ပင်လယ် သွားလမ်း၊ အမှတ် (၃၉၁)ရှိ ခင်မွေးကြူ၏နေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၉၅ ပြား၊ အလေးချိန် ၂၉ ဒသမ ၅ ဂရမ် ကာလတန်ဖိုးငွေကျပ် ၇၃၇၅၀၀ တို့ကို ရှာဖွေတွေ့ရှိသဖြင့် ခင်မွေးကြူ (၄၁နှစ်) တာချီလိတ်မြို့မ ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(လ/၀၁၅)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရမည်းသင်းခရိုင်မှ (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး (ဖြည့်စွက်)ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်နိုင်ရန် လိုအပ်သောကတ္တရာအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | လမ်းအမည် | အမျိုးအစား | အရေအတွက် |
|---|---|---|---|
| ၁။ | ရမည်းသင်း-ရွှေမြင်တင်လမ်း | ကတ္တရာ | ၁၅၂.၅ တန် |
| ၂။ | ရမည်းသင်း-ရွာတန်း-စည်းခုံလမ်း | ကတ္တရာ | ၂၂.၅ တန် |
| | | **စုစုပေါင်း** | **၁၅၇ တန်** |

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂-၁-၂၀၁၄ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၆-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ခရိုင်အင်ဂျင်နီယာမှူးရုံး**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့**
**ဖုန်း-၀၆၄-၄၀၃၀၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၃၉၃၆ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဦးရှောက်ဝေ ၉/ခမစ(နိုင်) ၀၀၇၉၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ရွှေမိုက်နှင့်ရွှေသက်န်းကပ် တင်ဒါ/လေလံကြော်ငြာ

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တုရင်တောင် စွယ်တော်မြတ်စေတီတော်ကြီးအား လုံးတော်ပြည့်ရွှေသက်န်းကပ်လှူခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ လက်ရှိရွှေမိုက်များကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။ ရွှေသက်န်းကပ်လှူခြင်းလုပ်ငန်း လုပ်ကိုင်လိုသူများသည် ၉ လက်မပတ်လည် ကြေးပြားတစ်ချပ်ပေါ်တွင် ရွှေချပြီး နမူနာနှင့်အတူ တင်ဒါတင်သွင်းနိုင်ပါသည်။

၃။ လေလံနှင့်တင်ဒါလျှောက်လွှာများကို ၁၃၇၅ခုနှစ် ပြာသိုလဆန်း ၅ရက် ၅-၁-၂၀၁၄ရက် ၀၉း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပြီး လေလံတင်ဒါပွဲကို ၁၃း၀၀နာရီတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ တင်ဒါလေလံအတွက် အသေးစိတ်စည်းကမ်းချက်များကို ရုံးချိန်အတွင်း တုရင်တောင် စွယ်တော်မြတ်စေတီတော် ဂေါပကရုံးသို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တုရင်တောင်စွယ်တော်မြတ်စေတီတော်ဘဏ္ဍာတော်ထိန်း**
**ဂေါပကအဖွဲ့**
**ညောင်ဦးမြို့**
**ဖုန်း-၀၉-၂၀၄၂၆၀၀၊ ၀၉-၆၅၀၀၅၇၃**

## ရော်ဘာပစ္စည်းစက်ရုံခွဲ(ရွှေဟသ်ာလမ်း) နှစ်ရှည်ငှားရမ်း(သို့မဟုတ်)အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)လက်အောက်ရှိ ရော်ဘာပစ္စည်းစက်ရုံခွဲ(ရွှေဟသ်ာလမ်း)ကို နှစ်ရှည်ငှားရမ်း(သို့မဟုတ်) အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ နှစ်ရှည်ငှားရမ်း(သို့မဟုတ်)အကျိုးတူပူးပေါင်းဆောင်ရွက်မည့် စက်ရုံဧရိယာမှာ (ဈေးဆိုင်ခန်းများမပါ) ၂ဒသမ ၇၅ဧကဖြစ်ပါသည်။

၃။ တင်ဒါများကို ငွေကြေးဆိုင်ရာအဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်ဖြစ်ပါသည်။

၄။ စိတ်ဝင်စားသူများအနေဖြင့် တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းတွင် ၂၄-၁၂-၂၀၁၃ရက် ၀၉း၀၀နာရီမှစတင်၍ တစ်စုံလျှင်ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)ဖြင့် စတင်ဝယ်ယူနိုင်ပြီး ၇-၁-၂၀၁၄ရက် (အင်္ဂါနေ့) ၁၃း၀၀နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၁၅၁၊ ၀၆၇-၄၀၅၀၅၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**

## အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Laptop Computer | 3 Nos |
| (ခ) | Digital Copier | 1 No |
| (ဂ) | Color Copier | 1 No |
| (ဃ) | Laser Printer | 2 Nos |
| (င) | PA System | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၇-၁၂-၂၀၁၃ရက်မှ ၃၁-၁၂-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် ၁၊ နေပြည်တော်တွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂-၁-၂၀၁၄ရက် ၁၄း၀၀နာရီအတွင်း တင်ဒါအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၀၁၇နှင့် ၀၆၇-၄၀၇၀၂၁ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး**
**ရုံးအမှတ်(၁)၊ နေပြည်တော်**

**မှုခင်းသတင်းနှင့်ဖြစ်ရပ်ဆောင်းပါး**

## ရထားပေါ်မှ ပြုတ်ကျကာ ရထားကြိတ်မိ၍ ခြေထောက်နှစ်ချောင်း ပြတ်သွား

**ကန့်ဘလူ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုင်းတောကျေးရွာနှင့် ကျွန်းလှဘူတာကြား ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီခွဲခန့်က လူတစ်ဦးရထားပေါ်မှ ပြုတ်ကျကာ ရထားဘီးနှင့်ကြိတ်မိ၍ ခြေထောက်နှစ်ချောင်းလုံးပြတ်သွားခဲ့ကြောင်းသိရသည်။ ဖြစ်စဉ်မှာကိုင်းတောကျေးရွာနှင့်ကျွန်းလှဘူတာကြား မိုင်တိုင်အမှတ် ၄၉၄/ ၂၀ နှင့် ၄၉၄/၂၂ ကြားတွင် အမှတ်(၃၉) အဆန် ရွှေဘို-မိုးညှင်းလူစီးကုန်တင်ရထားပေါ်မှ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ရေထွက်ကျေးရွာနေ မင်းမင်းဦး (၂၈နှစ်) သည် ရထားပေါ်မှ ပြုတ်ကျကာ ရထားဘီးနှင့်ကြိတ်မိ၍ ညာဒူးခေါင်းအထက်မှ ပြတ်၍ ဘယ်ဘက်ဒူးခေါင်းအောက်မှ ပြတ်သွားခဲ့သည်။ အဆိုပါ မင်းမင်းဦးကို မီးရထားရဲတပ်ဖွဲ့မှ ရဲဒုတပ်ကြပ်ဝင်းသန့်လွင်နှင့်ကန့်ဘလူဘူတာရဲကင်းမှ ရဲတပ်ကြပ်ဝင်းလွင်ဦးတို့က ကန့်ဘလူ ခုတင် ၁၀၀ ဆေးရုံသို့ ဆေးကုသရန်ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## စကိတ်ကွင်းအနီးမသင်္ကာ၍ စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုပေါ်

**ကန့်ဘလူ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက် စကိတ်ကွင်းအနီး ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီခန့်က ဆိုင်ကယ်တစ်စီးနှင့် အတူ မသင်္ကာ၍စစ်ဆေးခဲ့ရာ ဆိုင်ကယ်ခိုးမှု ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒုရဲအုပ်တင်မောင်ကြည်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်အတွင်း ဒုစရိုက်မှုများ စုံစမ်းဖမ်းဆီးစဉ် အင်ကြင်းဥယျာဉ်အရှေ့ဘက် စကိတ်ကွင်းအနီးလမ်း၌ မသင်္ကာဖွယ်ရာ လူတစ်ဦးကို ဟန်ဆင်းတံဆိပ်ပါ ၁၂၅ ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရာ ပဲခူးတိုင်းဒေသကြီး ရာမန်သာရွာ ရေတာရှည်မြို့နယ်နေ ကျော်မျိုး ဆိုင်ကယ်နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ မပြသနိုင်၍ ကန့်ဘလူမြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## တရားမဝင် တမလန်းစားရွှေတုံးသစ် ၂၀ ဒသမ ၉၆၂ တန်ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ကောင်းတုံကျေးရွာ အရှေ့ဘက် ငါးမိုင်ခန့်အကွာတွင် တရားမဝင်သစ်များ စုပုံထားကြောင်း သတင်းအရ ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲက စင်းခန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။

**စစ်ဆေးခဲ့**

ထိုသို့စစ်ဆေးခဲ့ရာ တရားမဝင် တမလန်းခားရွှေတုံး အရှည် ခြောက် ပေမှ ကိုးပေရှိ ဆိုက်စုံ ၂၃၆ ချောင်း၊ ကောင်းတုံရွာတောင်ဘက် သုံးမိုင်ခန့်အကွာမှ တမလန်းခားရွှေတုံး အရှည် ခြောက်ပေမှ ၁၀ ပေရှိ ဆိုက်စုံ အချောင်း၁၃၀ ၊ အလေးချိန် ၂၀ ဒသမ ၉၆၂ တန်၊ တန်ဖိုးငွေကျပ် ၅၂၄၀၅၁၀ တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **ကိုရဲ**



## တာမွေမြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၄၁) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ရန်ကုန်အရှေ့)မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၂ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါးသတင်းအရ တာမွေမြို့နယ် မအူကုန်းရပ်ကွက် အမှတ်(မ/၃၅)နေ မောင်မောင်တင် (ခ) အီဗရာဟင် (၅၈နှစ်)၏ နေအိမ်ကို ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ ရှာဖွေရာ နေအိမ် ဧည့်ခန်းမှ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀ တန်ဖိုး ငွေကျပ် ၁၉ သိန်း၊ မူးယစ်ဆေးဝါး ရောင်းရငွေကျပ် ငါးသိန်းနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မောင်မောင်တင်**(အပေါ်ပုံ)**အားတာမွေမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## တရားမဝင် သယ်ဆောင်လာသည့် သင်းခွေချပ် ၄၈ ကောင် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ပေါင်မြို့နယ် ရန်ကုန်-မော်လမြိုင်ကားလမ်း ကျွဲခြံရွာသစ်အနီး မိုင်တိုင်အမှတ်(၁၇၅/၃-၄)ကြားတွင် ပေါင်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျွဲခြံကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၅ နာရီခွဲက သတင်းအရ ကရင်ပြည်နယ် ဘားအံမြို့ (၂) ရပ်ကွက်နေ အောင်ဆန်း(၅၀)နှစ် မောင်းနှင်လာသည့် 9F/---- Hijet အဖြူရောင်ယာဉ်ကို စစ်ဆေးရှာဖွေခဲ့သည်။

ထိုသို့ ရှာဖွေရာ ယာဉ်ပေါ်မှ သင်းခွေချပ် ၄၈ ကောင် (အရှင် ၄၂ ကောင်၊ အသေ ၆ ကောင်)၊ အလေးချိန် ၁၁၀ ပိဿာ ၅၀ ကျပ်သားကို သိမ်းဆည်းရမိခဲ့သဖြင့် အောင်ဆန်းကို ပေါင်မြို့မရဲစခန်းက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## တောဆင်ရိုင်းကြောင့် အမျိုးသမီးတစ်ဦး သေဆုံး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဖလုံကံကုန်းအုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မျိုးနိုင်က ဒီဇင်ဘာ ၂၀ ရက်က အမျိုးသမီးတစ်ဦး ဆင်ရိုင်းရန်ပြု၍ သေဆုံးကြောင်း တိုက်ကြီးမြို့မရဲစခန်းသို့ သတင်းပို့ခဲ့ရာ တိုက်ကြီး မြို့မ ရဲစခန်းမှူး ရဲအုပ်သန်းဦးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ဒေါ်တင်နု(၆၈နှစ်) ဖလုံဘူတာအုပ်စု သပြုသစ်တောကြိုးဝိုင်းအကွက်အမှတ်(၈) တဲတွင် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက အိပ်ပျော်နေစဉ် တောဆင်ရိုင်း တစ်ကောင်ရောက်ရှိလာပြီး ဒေါ်တင်နုကို နှာမောင်းနှင့်ဆွဲချပြီး နှာမောင်းနှင့် ရိုက်သတ်သဖြင့် သေဆုံးကြောင်း သားဖြစ်သူ ဦးဝင်းထွန်းနိုင်က ပြောပြ၍ စစ်ဆေးကြည့်ရာ ဒဏ်ရာများဖြင့် သေဆုံးသွားသဖြင့် တိုက်ကြီးမြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**



## လားရှိုးမြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

လားရှိုးမြို့နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၂၄) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (လားရှိုး)မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီက မူးယစ်ဆေးဝါးသတင်းအရ ဟိုပိတ်အေးရှားဝေါလ်တိုးဂိတ်တွင် ကွတ်ခိုင်မှ လားရှိုးသို့ နမ့်ဆန်မြို့နယ် တောင်ကျော်ကျေးရွာနေ ကျော်သိန်း(၃၁နှစ်) မောင်းနှင်လာသော ဆိုင်ကယ်ကို ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ ရှာဖွေရာ ဆိုင်ကယ်လေစစ်ဘူးအတွင်း ဆပ်ပြာခွက်ဖြင့် ထည့်လျက် ဘိန်းဖြူ ၁၃ ဂရမ်၊ တန်ဖိုး ငွေကျပ် ၂ ဒသမ ၄၇ သိန်းနှင့် 88 နှင့် 1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၊ တန်ဖိုးငွေကျပ် ၃ ဒသမ ၈ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ကျော်သိန်းကို လားရှိုး နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)** **ကိုရဲ**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွ စိတ်ချမ်းသာ**


**ဖျူးမိသားစု၏ ဆွမ်းမအကြိမ်မြောက် ဓမ္မသဘင်**

၁၃၇၅ ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ ရက်၊ ၂၇-၁၂-၂၀၁၃ရက်(သောကြာနေ့)ည ၇ နာရီ၌ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဇမ္ဗူသီရိဗိမာန်တော် (တံတားလေးလမ်း၀ န၀ဒေးရပ်ရှင်ရုံအနီး)တွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် **ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ** မှ နိဗ္ဗာန်ရောက်ကြောင်း တရားရေအေးတိုက်ကျွေးမည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော် ဦးတင်မြင့်၏သား မောင်ဇော်မိုး ၁၂/တမန(နိုင်)၀၁၉၂၂၇ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်နေသူသည် မိဘဆိုဆုံးမမှုကို အကြိမ်ကြိမ် မနာခံသဖြင့် သားအဖြစ်မှ ရာသက်ပန် အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ မည်သည့်ကိစ္စမှ လုံး၀ လုံး၀ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မြင့် ၁၂/တမန(နိုင်)၀၃၇၃၆၅**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၃၀/၄၇၁၆ Honda Fit S/W(4 × 2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ကျော် ၁၂/အလန(နိုင်) ၀၂၂၁၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တပ်ကုန်းမြို့နယ် တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၈၀

မဇင်မာလင်း နှင့် ဦးအောင်ဆန်းလင်း

**တရားလို** **တရားပြိုင်**

ရှမ်းပြည်နယ်၊ ရွှေညောင်မြို့နယ်၊ နန်းကွပ်-တောင်ပေါ်ကျေးရွာနေ ဦးအောင်ဆန်းလင်း (ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် သို့မဟုတ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃ရက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စွာလင်း)**

**ဒုတိယမြို့နယ်တရားသူကြီး၊ တပ်ကုန်းမြို့နယ်တရားရုံး**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၈ဆ/၇၁၆၇ PYAY (6) WHEEL TRUCK (P-T-001) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းတင် ၈/မသန(နိုင်) ၀၃၉၂၈၇က (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန တိုင်းရုံး(မကွေး)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၃၁ယ/၃၄၅၂ Dongfan-110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၈/ခမန(နိုင်)၀၈၅၁၀၁ က (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း ကညနခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(မင်းဘူးမြို့)**

**အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း**

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ် ၅၃-စီ၊ မြဝတီအပြင်ကွင်း၊ (ကျောက်လုံးကြီးမွေးမြူရေးဇုန်)၊ မြေကွက်အမှတ် ၃၈၊ မြေဧရိယာ ၁ ဒသမ ၀၀ဧကရှိမြေသည် ကျွန်တော် ဦးမောင်ညွန့်(ခ)ဦးခင်မောင်ညွန့် ၃/မဝတ(နိုင်)၀၀၂၆၆၆ အမည်ဖြင့် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ယင်းမြေဧရိယာ ၁ ဒသမ ၀၀ ဧကအတွင်းမှ မြောက်ဘက်ခြမ်း မြေဧရိယာ ၀ဒသမ ၅၀ဧကရှိမြေကို မြဝတီမြို့၊ အမှတ် ၄ ရပ်ကွက်နေ ဦးအောင်လှဝင်း ၇/ဒဥန(နိုင်) ၀၇၉၈၂၇အား မြဝတီမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၉-၇-၂၀၁၃ရက်မှာ အထူးကိုယ်စား လှယ်လွှဲစာအမှတ် ၈၁/၂၀၁၃ ဖြင့် လုပ်ပိုင်ခွင့်အခွင့်အာဏာများ လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ကျွန်တော်၏ကိုယ်စား လုပ်ပိုင်ခွင့် အခွင့်အာဏာများ ဆောင်ရွက်ရန် လွှဲအပ်ခဲ့သည့် ကိုယ်စားလှယ် လွှဲစာအမှတ် (၈၁/၂၀၁၃)အား ၁၉-၁၂-၂၀၁၃ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်ညွန့်(ခ)ဦးခင်မောင်ညွန့် ၃/မဂတ(နိုင်)၀၀၂၆၆၆**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၀၊ မဟော်သဓာလမ်း၊ မြေကွက်အမှတ် ၁၃၅၈၊ အကျယ်အဝန်း ပေ (၄၀×၆၀) အကျယ်ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်မိမိထွန်း ၁၂/စခန(နိုင်)၀၂၂၁၀၉အမည်ဖြင့် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြို့မြေစာရင်းတွင် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထိန်လင်း ၁၄/ဖပန(နိုင်)၁၈၉၈၅၀ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နွယ်နီအေး (LL.B) အထက်တန်းရှေ့နေ**

**ဖုန်း-၀၉-၇၃၁၈၈၀၇၂၊အမှတ်၃/၂၀၆၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်**


26-12 (18).pmd 1 12/25/2013, 10:16 AM

# လူမှုရေးကြော်ငြာ

## ဒုတိယဗိုလ်မှူးကြီးအောင်မြင့် (လေ/၁၀၆၄)
**စစ်ဦးစီးမှူး၊ ပထမတန်း(ငြိမ်း)**
**ဆက်သွယ်ရေး/အီလက်ထရွန်နစ် (ကကလေ)**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**အသက်(၈၇)နှစ်**

